ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၄.၆၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကျန်းမာရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကျန်းမာရေး။ ဦးထွန်းဇော် (ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကျန်းမာရေး။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ စီးပွားရေးဇုန်ဖွင့်ပွဲတက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘိုးရယ်၊ ကယား(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ကျန်းမာရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးစိုးအောင်၊ မန္တလေး (၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး (၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးကျော်နေမော်၊ တပ်မတော်၊ တာဝန်။ ဒေါက်တာငွေဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကျန်းမာရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ(၃) ရပ်ကွက်ရှိ ဖွံ့ဖြိုးရေးမြေကွက်ကြီးများအား ဒေသခံပြည်သူတို့၏ တင်ပြတောင်းခံချက်နှင့်အညီ အတည်ပြု ချမှတ်ပေးနိုင်ပါရန် တင်ပြချက်များအပေါ် ဆောင်ရွက်မှုအခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ(၃) ရပ်ကွက်ရှိ ဖွံ့ဖြိုးရေးမြေကွက်ကြီးများအား ဒေသခံပြည်သူတို့၏ တင်ပြ တောင်းခံချက်နှင့်အညီ အတည်ပြု ချမှတ်ပေးနိုင်ပါရန် တင်ပြချက်များအပေါ် ဆောင်ရွက်မှု အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့်တကွ ကြွရောက်လာကြသူ အားလုံး နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်မှာ ရှိနေတဲ့ ဖွံ့ဖြိုးရေးမြေကွက်ကြီးတွေကို ဒေသခံပြည်သူတို့၏ တင်ပြတောင်းခံချက်များ အပေါ်မှာ ဆောင်ရွက်ပြီးစီးမှုကို သိလို၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက် မြို့သစ်ဖော်ထုတ်စဉ်ကပင် ဒေသဖွံ့ဖြိုးရေးအတွက် ချန်လှပ်ခဲ့တဲ့ မြို့တော်စည်ပင်ပိုင် မြေကွက်ကျယ်ကြီးများဟာ ပုဂ္ဂလိက ပိုင်ဆိုင်မှုလုံးဝခွင့်မပြုဘဲနဲ့ ဒေသခံပြည်သူတို့ရဲ့ ဆန္ဒသဘောထားနဲ့အညီ မူကြိုကျောင်း၊ မိုးလုံလေလုံ အားကစားရုံ၊ မီးသတ်စခန်း၊ အခွန်လွတ်ဈေး၊ ပန်းဥယျာဉ်နဲ့ အားကစားကွင်းစသည်ဖြင့် ခွင့်ပြုပေးနိုင်ပါရန်နဲ့ နောင်တွင် ဒီလိုမြေကွက်ကျယ်ကြီးမျိုး ရှိနိုင်မယ့် အနေအထားမရှိနိုင်တဲ့အတွက် ဒေသဖွံ့ဖြိုးရေးကို အထူး အလေးအနက်ထားတဲ့ အနေနဲ့ ဆောင်ရွက်ပေးပါရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ မြို့တော်ဝန်ကြီးတို့ကို စာဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း အကြိမ်ကြိမ်တင်ပြခဲ့တဲ့ အခါမှာ မြို့တော်ဝန်ကြီးက ဒီ မြေကွက်တွေကို ပုဂ္ဂလိက ချထားပေးမှာမဟုတ်ကြောင်း မိမိအား ပြန်ကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါမြေကွက်ကျယ်ကြီးများအနက် မြို့တော်စည်ပင်ရပ်ကွက် အားကစားကွင်းတစ်ခုသာလျှင် ဖော်ဆောင်ပေးနိုင်ခဲ့ပြီး မူကြိုကျောင်းဆောက်မည့်နေရာ လျာထားသည့် နေရာမှာလည်း နိုင်ငံခြားသားအမည်နှင့် အုတ်တံတိုင်းကာရံပြီး ကျူးကျော်နေခြင်းအပါအဝင် ကျန်တဲ့ဒေသဖွံ့ဖြိုးရေး လျာထားတောင်းခံတဲ့ မြေနေရာမှာ အနည်းနဲ့အများ ကျူးကျော်သူများ ရှိနေတဲ့အတွက် မိမိအနေနဲ့ အကြိမ်ကြိမ်အကြံပြု မေတ္တာရပ်ခံတဲ့ နေရာမှာ မကြာမီကလည်း ပန်းခြံအဖြစ် လျာထားတဲ့ မြေကွက်အပေါ်မှာ အစုလိုက်၊ အပြုံလိုက် ရုတ်တရက်ကျူးကျော်လာကြသည့်အတွက် တာဝန်သိ၊ တာဝန်ရှိတဲ့သူများအားလုံး ပူးပေါင်းပြီးတော့ ဝိုင်းဝန်းထိန်းသိမ်းခဲ့ကြတဲ့ ဖြစ်စဉ်များကို ပြန်ကြည့်မယ်ဆိုရင် မြို့တော်စည်ပင် တာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ အမြန်ကွင်းဆင်းပြီးတော့ ဒေသခံပြည်သူတို့ရဲ့

တောင်းဆို တင်ပြချက်များအပေါ်မှာ အလေးအနက် သတ်မှတ်ဆောင်ရွက်ရန် အချိန်တန်ပြီလို့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိအနေဖြင့်ဒေသခံပြည်သူတို့၏အသံ၊ ဆန္ဒနဲ့ မျှော်လင့်ချက်များအပေါ် အထူးအလေးထားပြီးတော့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ မြို့တော်ဝန်တို့ထံ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၊ နေ့စွဲမှစတင်ပြီးတော့ (၇)ကြိမ်တိုင်မျှ တရားဝင်စာဖြင့်လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း တင်ပြတောင်းခံခဲ့သော်လည်း အောက်ခြေမှာ တစ်စုံတရာထူးခြားမှု မရှိကြောင်း တွေ့ရပါတယ်။

သို့ပါ၍ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်း၊ အစိုးရအဖွဲ့များ အနေဖြင့် (က) မင်္ဂလာဒုံမြို့နယ်၊ ပုလဲ မြို့သစ်၊ ပုလဲ(၃)ရပ်ကွက်မှာရှိတဲ့ ဖွံ့ဖြိုးရေးမြေကွက်ကြီးအား ဒေသခံပြည်သူတို့၏အသံ၊ ဆန္ဒမျှော်လင့် ချက်နဲ့အညီ အတည်ပြုချမှတ်ပေးနိုင်ပါရန် မိမိတင်ပြချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ။ (ခ) လူမှုဝန်ထမ်း မူကြိုကျောင်းလျာထားသည့် မြေနေရာမှာ နိုင်ငံခြားသား အမည်ဖြင့် လာရောက်ကျူးကျော် အုတ်တံတိုင်းခတ်နေသည်ကို တာဝန်ရှိသူ အဆင့်ဆင့်တို့ တွေ့ရှိမြင် တွေ့နေကြပါလျက် အဘယ်ကြောင့် တားမြစ်ခြင်း မပြုသည်။ (ဂ) ပုဂ္ဂလိက ပိုင်ဆိုင်ရန် ကြိုးပမ်းကျူးကျော်မှုများကို ဒေသဖွံ့ဖြိုးမှု လိုလားကြသူများက လုံးဝလက်ခံမည် မဟုတ်ပါသဖြင့် လျာထားတင်ပြခဲ့သည့်အတိုင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် (ဃ) အကယ်၍ ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုကောင်းမွန်သော အစီအစဉ်၊ စီမံကိန်း တစ်စုံတစ်ရာရှိမည်ဆိုပါက ဒေသခံပြည်သူတို့နှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန် အစီအစဉ် ရှိ/ မရှိ တို့ကို ပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁ မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု ရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စားလေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြေစီမံခန့်ခွဲမှုများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ မြို့၊ ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၉၉၂ ခုနှစ်မှ စတင်လွှဲပြောင်းပေးခဲ့ပါတယ်။

ယနေ့အချိန်အထိလည်း ဆက်လက်လွှဲပြောင်းလျက် ရှိပါတယ်။ ထိုသို့ လွှဲပြောင်းရာတွင် မြို့၊ ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့ကွက်ဖော်ထုတ်ချထားပေးပြီးဖြစ်ပါသည့် ပါမစ်စာရင်း၊ မြို့ကွက်မြေပုံစာရင်း၊ မြို့မြေစာရင်းတို့ကို လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့၊ ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ လွှဲပြောင်းပေးပြီးသော စာရင်းများအရ ပြည်သူများ လျှောက်ထားလာသည့် မြေစီမံခန့်ခွဲမှုကိစ္စများကို ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ မြို့ကွက်ချမြေပုံ ဖော်ဆောင်ရာတွင် ရန်ကုန်မြို့ပြစီမံကိန်းနဲ့ ချိုင့်ပြီး မြို့နယ်တစ်ခုချင်းအလိုက် ဈေး၊ ဆေးရုံ၊ ကျောင်း၊ မီးသတ်၊ အားကစားကွင်းစသည်တို့ကို လိုအပ်သလို ရေးဆွဲလျာထားမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်၏ တင်ပြတောင်းဆိုမှုကို ခွင့်ပြုပါက အလားတူ တောင်းဆိုမှုများ ရှိလာနိုင်ပါ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲမှု များဆုံးရှုံးမည် ဖြစ်ပါ၍ မြို့ပြရပ်ကွက် တစ်ခုလုံး၏ လိုအပ်သော စီမံခန့်ခွဲမှုများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့်သာ ဆောင်ရွက်ပါတယ်။

မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း ရေးဆွဲရာတွင် မြေပြင်အခြေအနေ၊ ရာသီဥတုတို့ကို တွက်ချက်၍ ရံဖန်ရံခါ ရေလွှမ်းမိုးမှု ဖြစ်ပေါ်လာနိုင်သည့် မြစ်ကမ်းများ တစ်လျှောက်တွင် သဘာဝရေစပ်သစ်တောများ၊ လမုတော၊ ဓနိတော စသည်တို့ကို ဆက်လက်ထားရှိခြင်း၊ ရန်ကုန် မြို့တော်၏ ဖြစ်ပေါ်လာနိုင်သည့် လိုအပ်ချက်များဖြစ်သော အိမ်ရာကဏ္ဍ စက်မှုဇုန်များ၊ စီးပွားရေးဇုန်များ၊ ကုန်စည်ဖလှယ်ရေး နေရာများ၊ အဝေးပြေးဂိတ်များ၊ အားကစားဇုန်များ၊ အားကစားရွာများ၊ စိမ်းလန်းစိုပြည်နယ်မြေ၊ ဥယျာဉ်ပန်းခြံများ၊ ကျန်းမာရေးနှင့် ပညာရေး အဆောက်အအုံ များအတွက်ကိုလည်း ထည့်သွင်းစဉ်းစား လျာထားသတ်မှတ်ရပါတယ်။ ထိုသို့ ရေးဆွဲထားသော မြို့ပြစီမံကိန်းအရ အိမ်ရာကဏ္ဍ မြေနေရာများတွင်သာ မြေနေရာချထားပေးပြီး၊ အိမ်ရာတည်ဆောက်ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရပြီး ထိုနေရာများ၌လည်း ဈေး၊ ဆေးရုံ၊ ရုံး၊ မီးသတ်၊ ရဲစခန်းစသည်တို့ကိုပါ ထည့်သွင်း လျာထားသတ်မှတ်ရပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြေစီမံခန့်ခွဲမှုများကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့မှ ဆောင်ရွက်လျက်ရှိနေရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အစိုးရမြေနှင့် ဌာနဆိုင်ရာမြေတို့ဖြစ်ပါက မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ မြေစီမံခန့်ခွဲခွင့် ရှိပါကြောင်း၊ လယ်ယာမြေ ဖြစ်ပါက ရပ်ကွက်၊ မြို့နယ်၊ တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီတို့မှ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီသို့ တင်ပြ၍ စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရပါတယ်။

လူမှုဝန်ထမ်း မူကြိုကျောင်းအတွက် လျာထားသည့် မြေနေရာသည် ခရေလမ်းနှင့် ဘိုခြံလမ်းအတွင်းမှ ဖြစ်ပြီး၊ Black Map တွင် တိရိစ္ဆာန်ဆေးကုသရေးနှင့် မွေးမြူရေးကော်ပရေးရှင်း မြေဧရိယာအတွင်းမှ ဖြစ်ပါတယ်။ မြို့ကွက် မဖော်ထုတ်ခင် ကာလ၌ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ လွှဲပြောင်းပေးအပ်သော ကွင်းမြေပုံနှင့် မှတ်ပုံတင်စာရင်း ၁(က)တို့တွင် မြေကွက်အမှတ်(၃)အား မြေကွက် ၃(က)နှင့် မြေကွက် ၃(ခ)ဟု ခွဲစိတ်ထားပြီး၊

မြေကွက် ၃(က)မှာ အမည်ပေါက် ရပ်နီရန်ဂျန်ဒါတ်(ခ်)ဖြစ်၍ မြေကွက်အမှတ် ၃(ခ)မှာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းမြေဟု သတ်မှတ်ထားကြောင်း စိစစ်တွေ့ရှိရပြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသို့ မည်သူတစ်ဦးတစ်ယောက်မျှ မြေပိုင်ဆိုင်မှု ရရှိရေးလျှောက်ထားခြင်း မရှိသေးပါကြောင်း၊ လျှောက်ထားလာပါကလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

အဆိုပါမြေကွက်ကြီး တစ်စိတ်တစ်ပိုင်း ဖြစ်သော ပေ (၃၀၀ x ၂၀၀) ပေရှိ မြေကွက်ကို ခရေလမ်းဘက်ရှိ မျက်နှာစာ ပေ (၃၀၀)အား ခွင့်ပြုချက် မရှိဘဲ ခြံစည်းရိုးကာရံသဖြင့် မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံးမှ ၂၂-၁၀-၂၀၁၄၊ ၂၉-၁၀-၂၀၁၄၊ ၇-၁၁-၂၀၁၄ ရက်တို့တွင် လုပ်ငန်းရပ်ဆိုင်းရန် အကြောင်းကြားခဲ့သဖြင့် မြေကွက်၏ မျက်နှာစာကိုသာ ခြံစည်းရိုးကာရံထားသည့် အနေအထားဖြင့် လုပ်ငန်းရပ်ဆိုင်းလျက် ရှိပါတယ်။ အဆိုပါ ခွင့်ပြုချက်မဲ့ ကာရံထားသည့် ခြံစည်းရိုးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန၊ အဆောက်အအုံ(အဆောက်အအုံ) သို့ မြေပိုင်ဆိုင်မှု အထောက်အထားများဖြင့် ခြံစည်းရိုးကာရံခွင့် လျှောက်ထားရန် အကြောင်းကြားထားပါတယ်။ မြေပိုင်ဆိုင်မှု မှန်ကန်ပါက ခြံစည်းရိုးကာရံခွင့်အား စိစစ်ခွင့်ပြုပေးမည်ဖြစ်ပြီး၊ မြေပိုင်ဆိုင်မှု မမှန်ပါက ပြန်လည်ဖျက်သိမ်းစေသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုကောင်းမွန်သော အစီအစဉ် စီမံကိန်းတစ်စုံတရာ ရှိမည်ဆိုပါက သက်ဆိုင်ရာ စီမံကိန်းဆောင်ရွက်မည့်ဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့သာတင်ပြ၍ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် တယ်လီဖုန်းတာဝါတိုင်စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် တယ်လီဖုန်း တာဝါတိုင်စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ ၂၀၁၆ ခုနှစ်၊ နှစ်သစ်အခါသမယမှ စပြီးမှ နှစ်ပေါင်း (၁၀၀)အထိ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ကျွန်တော်မေးခွန်းမေးရတဲ့ အကြောင်းကတော့ ၂၀၁၅ ခုနှစ်၊ ကျွန်တော်တို့ မဲဆွယ်စည်းရုံးရေး နယ်ဆင်းတဲ့အခါမှာ ဖလမ်းမြို့နယ်မှာ ကျေးရွာပေါင်း (၁၈၀)ရှိပါတယ်။ အဲဒီ (၁၈၀)ထဲကနေပြီးမှ တယ်လီဖုန်း

ဆက်နိုင်တဲ့နေရာဟာ (၁၀)ရွာတောင် မရှိဘူးဖြစ်နေပါတယ်။ အဲဒါကြောင့် အောက်ပါနေရာများတွင် တယ်လီဖုန်း တာဝါတိုင်စိုက်ထူပေးရန် ကျွန်တော် အနူးအညွတ်တောင်းပန်ခြင်း ဖြစ်ပါတယ်။

(၁) ဖလမ်း-ရိလမ်းမပေါ်ရှိ တီးဘွယ်ကျေးရွာအနီးရှိ တောင်ကုန်း။ (၂) ဖလမ်းမြို့နယ်၊ ငါလ်သီးကျေးရွာ အရှေ့ဘက်တောင်ကုန်း။ (၃) ဖလမ်းမြို့နယ်၊ ဝေဘူလကျေးရွာအနီး မွာလ်ဇောလ် ကျေးရွာ။ (၄) ဖလမ်းမြို့နယ် ဆိုင်မွန်ကျေးရွာ၊ ခေါဒါရ်ရွာအထက် ကျွန်ဒွမ်းတောင်ကုန်း။ (၅) ဖလမ်း၊ ရိလမ်းမပေါ်ရှိ ဖွန်သဲကျေးရွာ အထက်တောင်ကုန်း။ (၆) ဖလမ်းမြို့နယ် ဆိမ်ဇောလ်ကျေးရွာအထက် တောင်ကုန်း။ (၇) ဖလမ်း-မူလဲင်းလမ်း၊ မန်းခင်ကျေးရွာအထက်တောင်ကုန်းနှင့် (၈) ရိခေါဒါရ်ဆင်ခြေဖုံး။ ကျန်တဲ့ဟာတော့ ကျွန်တော်စာတင်ပြီးသား ဖြစ်ပါတယ်။ အဲဒီဟာထဲက နေပြီးမှ ရိခေါဒါရ်မှာတော့ ဒီနှစ် ဘတ်ဂျက်မှာ ပါသွားပါပြီ။ ကျန်တဲ့နေရာမှာ တယ်လီဖုန်းတိုင် တအားလိုနေပါတယ်။

အဲဒါကြောင့် ဒီဒေသရဲ့ ဖွံ့ဖြိုးရေးကို ကြည့်ရှုပြီးမှ တာဝါတိုင်ကို စိုက်ထူပေးရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ၏ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်အတွင်းရှိ မြို့နယ်များတွင် တယ်လီဖုန်း တာဝါတိုင် စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော် ဦးသောင်းတင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊ နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါ တယ်ခင်ဗျား။

ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက်၊ နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေနဲ့ ချင်းပြည်နယ်၊ ဖလမ်းမှာ မိုက္ကရိုစခန်း ဖွင့်လှစ်ပြီးတော့မှ GSM တယ်လီဖုန်းစနစ် ရရှိအောင်ဆောင်ရွက်ပြီး ဖြစ်ပါတယ်ခင်ဗျား။ ကျေးရွာအားလုံးကို ရရှိဖို့အတွက်ဆိုရင်တော့ ကျွန်တော်တို့ နည်းပညာအရ တာဝါတိုင်စိုက်ထူရမယ့်နေရာတွေကို ကျွန်တော်တို့ စနစ်တကျ ရှာဖွေပြီးတော့ ကျွန်တော်တို့သတ်မှတ်ပါတယ် ခင်ဗျား။ ယခုလက်ရှိအခြေအနေမှာတော့ တာဝါတိုင်(၄)ခု ထပ်မံတပ်ဆင်ဖို့ ဆောင်ရွက်ထားပါတယ်။ ဖလမ်းမြို့နယ်အတွင်းမှာ အသဲကွဲတောင် စခန်းအမှတ် (CHN ၀၀၀၄၈) ရိဒ်-ဖလမ်းစခန်းအမှတ် (CHN ၀၀၀၈၅) ဖလမ်းအော်တိုစခန်းအမှတ် (CHN ၀၀၀၁၆) နှင့် ဗားလုံမိုက္ကရိုဝေ့ဗ်စခန်းအမှတ် (CHN ၀၀၀၂၉) တို့မှာ တာဝါတိုင်အပြင် မိုဘိုင်းရေဒီယိုစခန်း(၄)ခုတို့ကို ၂၀၁၆ ခုနှစ်၊ ဇွန်လကုန်မှာ ဖွင့်လှစ်နိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးကော်မတီ၏ ပထမအကြိမ် အမျိုးသား လွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ အစီရင်ခံစာကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေနဲ့ အစီရင်ခံစာ စာမျက်နှာ (၃) မှာ ကမ္ဘာ့ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်အတိုင်း ၂၀၁၅ ခုနှစ် ဆင်းရဲနွမ်းပါးမှုထက်ဝက်လျှော့ချရေးအတွက် အာဆီယံ နိုင်ငံများနှင့် ချိတ်ဆက်ပြီးပူးပေါင်းဆောင်ရွက်ရန် လေ့လာမှုကိုခွင့်ပြုထားသည့်အတွက် ကော်မတီဝင် များအနေနဲ့ ဗဟုသုတပြည့်ဝပြီး ဗဟုသုတ၊ နိုင်ငံခြားမှဗဟုသုတများကို မိမိတိုင်းပြည်ဒေသ၊ မိမိဒေသ လူထုအတွက် နည်းပညာဆင့်ပွားတိုးနိုင်မှာဖြစ်တဲ့ ပထမဆုံးအကြိမ်နဲ့ အဲဒီအချက်ကို ကျွန်တော် ထောက်ခံပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ စာမျက်နှာ (၆)မှာ ဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆွေးနွေးပွဲမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာန အဲဒါ အပြင် ကျွန်တော်တို့ ကျန်းမာရေး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ ဆက်သွယ်ရေးသတင်းအချက်အလက်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အလုပ်သမား ဝန်ကြီးဌာနတို့နဲ့ ကော်မတီအနေနဲ့ဆွေးနွေးတဲ့အတွက်ကြောင့် ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကိုယ့်ဒေသဖွံ့ဖြိုးရေးအတွက်ပါ အများကြီး အထောက်အကူပြုပါတယ် ဆိုတာကို ဒုတိယအချက်အနေနဲ့ တင်ပြလိုပါတယ်။

အဲဒီဆွေးနွေးမှုကြောင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့ မှာ စတင်ဆောင်ရွက်နိုင်သည့်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဒေသများမှာ အထိုက်အလျောက် ဆင်းရဲ နွမ်းပါးမှုကို လျှော့ချနိုင်ခဲ့ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေနဲ့က ဆွေးနွေးတာကတော့ ပညာရေးဝန်ကြီးဌာနနဲ့ လဝက ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတွေက နောင်အစိုးရ လက်ထက်မှာ ကော်မတီတွေအနေနဲ့ ဆက်လက်ဖွဲ့ခဲ့လို့ရှိရင် ဖိတ်ကြားဖို့ လိုအပ်ပါတယ်။ ဘာဖြစ်လို့

လည်းဆိုတော့ ကျေးလက်ဖွံ့ဖြိုးရေးအတွက်ဆိုလို့ရှိရင် အဲဒီဝန်ကြီးဌာနတွေ မပါလို့ရှိရင် မပြည့်စုံပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ကျေးလက်အုပ်ချုပ်ရေးမှူးတွေဟာ ဆိုလို့ရှိရင် ကျေးလက်အုပ်ချုပ်ရေးမှူးကသူတင်ပြသင့်တဲ့ဟာကို တင်ပြတဲ့အပိုင်းမှာ ဟိုဟာမြို့နယ်အုပ်ချုပ်ရေးမှူး က ထည့်ချင်လည်း ထည့်မယ်၊ မထည့်ချင်လည်း မထည့်ဘူး။ ဒါအခုနကလိုပေါ့။ ဒါပေမဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ကိုယ့်ဒေသကိုယ်ပြန်ရောက်တဲ့အခါမှာ ထဲထဲဝင်ဝင် အောက်ခြေ အဆင့်အထိ ထိတွေ့မှုရှိ သည့်အတွက်ကြောင့် ဒါတွေကို ခုနကလိုပေါ့။ လွှတ်တော်ကိုယ်စားလှယ်တွေကကိုယ့် လွှတ်တော် ကို ပြန်ရောက်လို့ရှိရင် ဒါ ခုနကလို့ပေါ့။

ကျွန်တော့်အနေနဲ့ ကော်မတီဝင်နဲ့ဆွေးနွေး၊ ဝန်ကြီးဌာန ခေါ်ဆွေးနွေးလို့ရှိရင် ဒါတွေဟာ ခုနလို ပြည်နယ်က တင်တာပါရဲ့လား။ မပါဘူးလား။ ဒါကို စိစစ်ပြီးတော့လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါ တယ်။ ဒါကို ကျွန်တော်တို့ တကယ့်ကိုအောက်ခြေကျကျလုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက တော့ ကျွန်တော်တင်ပြချင်တာကတော့ ဒီစက်မှုလက်မှုဝန်ကြီးဌာနတွေအနေနဲ့ ပါသင့်တယ်ဆိုတာက ကျွန်တော်တို့နယ်မြေမှာ သစ်စက်(၁၅)ခုရှိတာ။ အကုန်လုံးက လိုင်စင်မရှိကြဘူး။ လိုင်စင်မရှိကြတဲ့အ ခါကျတော့ လူကြီးလာလို့ရှိရင်ပိတ်ရတယ်။ နောက်တစ်ခါ ခဏခဏအပိတ်ခံရတယ်။ နောက်တစ်ခါ လူကြီးလာမှန်းမသိ၊ မလာမှန်းမသိနဲ့ လိုင်စင်မရှိတဲ့အတွက်ကြောင့် သူတို့အနေနဲ့ တော်တော်အခက်အခဲ ရှိလာပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့တင်ပြချင်တာက ဒီခုနလို အစိုးရကန့် သတ်ထားတဲ့ သစ်ကလွဲလို့ ကျန်တဲ့သစ်ရိုင်းတွေဘာတွေဆိုလို့ရှိရင် ခုနတုန်းကလိုပေါ့။ လည်နိုင်မှ ကျွန်တော်တို့ ကရင်ပြည်နယ်မှာရှိတဲ့ ဘားအံဒေသ၊ မော်လမြိုင်ဒေသက သစ်တွေဟာဆိုလို့ရှိရင် ကျွန်တော်တို့ ဖာပွန်ဒေသကသစ်တွေကို အားကိုးပြီးတော့ သုံးစွဲနေရတာ ဖြစ်ပါတယ်။ နောက်တစ်ခါ ပရိဘောဂ တွေကလည်း ဒီသစ်တွေကို သုံးစွဲနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စက်မှုလက်မှုဝန်ကြီး ဌာနတွေကို ဒါ ဘာပဲပြောပြော ဖိတ်ကြားသင့်ပါတယ်။ နောက် ပညာရေးဝန်ကြီးဌာနအနေနဲ့ ဘာဖြစ်လို့ ဖိတ်သင့်လဲ ဆိုတော့ အခု မူလတန်း၊ အခြေခံမူလတန်း ကျွန်တော်တို့တွေမိခင် ဒါ လူငယ်ထိန်းသိမ်းရေးအတွက်၊ နောက်တစ်ခါမူလွန်ဒေသအတွက်ဆိုလို့ရှိရင် ဒါ ပညာရေးဝန်ကြီးဌာနတွေကို လွှတ်တော်ကိုယ်စားလှယ် များက တွေ့ဆုံဆွေးနွေးပြီး ဒေသရဲ့လိုအပ်ချက်ကို တင်ပြနိုင်မှ ဒါပါလာမှာဖြစ်ပါတယ်။

ဘာဖြစ်လို့လဲ ဆိုလို့ရှိရင် ကျွန်တော့်အတွေ့အကြုံအရ ကျွန်တော်တို့ ကမမောင်းဒေသ ကျွန်တော်တို့ ကွင်းဆင်းတုန်းက ဒါကပြည်နယ်ဝန်ကြီးချုပ်က ခေတ္တပြည်နယ်ဝန်ကြီးချုပ်က သူ့ သွားရောက်တဲ့အခါမှာ ကျွန်တော်တို့ မူကြိုလေးတွေကို မင်းတို့ဖွင့်နိုင်လား။ ဟာ ကျွန်တော်တို့ ဖွင့်ချင်ပါတယ်။ အဲဒါဆိုလို့ရှိရင် သူကချက်ချင်းပဲ ခုနကလိုပေါ့ ဟို ပြည်နယ်ရန်ပုံငွေ ကနေပြီးတော့ သူက မူကြိုကျောင်းကို သိန်းတစ်ရာ မ ထောင်ပေးတယ်။ မ ထောင်ပေးပြီးတော့ ကျန်တဲ့ဟာတွေကိုတော့ ကျေးလက်ကနေပြီးတော့ ခုနလိုပေါ့ သူတို့ ပံ့ပိုးပေးတယ်။ အဲဒီလို မူလတန်းကျောင်းကလည်း မူကြိုမရှိလို့ရှိရင် မလွယ်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့အခြေခံက မူကြိုကစပါတယ်။

ဒါကြောင့်မို့လို့ မူကြိုသင်တန်း၊ မူလွန်သင်တန်းဆိုတာလည်း ဒါခုနလိုပေါ့။ ဟို ဒါကပညာ ရေးဝန်ကြီးဌာန ကော်မတီက တာဝန်ရှိတဲ့လူနဲ့ထိထိမိမိ တွေ့နိုင်မှဒါတွေဟာ ဖြစ်နိုင်တာ။ နို့မို့ဆိုလို့ရှိရင် အပေါ်တင်လည်း တစ်ခါတလေကျတော့လည်း ဟိုခုနလိုပေါ့ ကျွန်တော်တို့က ပြည်နယ်အဆင့်မှာ အခါအားလျော်စွာသာ တွေ့ဆုံခဲ့ရသည့်အတွက်ကြောင့် ဒါတွေကကျန်တတ်ပါတယ်။ ဒါကြောင့်မို့လို့

ပညာရေးဝန်ကြီးဌာနကိုလည်း ခုနလိုပေါ့ထည့်သွင်းပြီးတော့ဖိတ်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ခုက လဝက ဝန်ကြီးဌာန ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်၊ ၂၀၀၈ ခုနှစ် ကျွန်တော်တို့ရွေးကောက်ပွဲမှာဆိုလို့ရှိရင် ကျွန်တော်ကအဲဒီမတိုင်ခင်ကတည်းက ၂၀၁၀ ကတည်းက ကျွန်တော်က ပထမရွေးကောက်ပွဲပြီးကတည်းက ကျွန်တော်က ပြည်သူလူထုတွေကို မင်းတို့မှတ်ပုံတင်လုပ်ကြ၊ မှတ်ပုံတင်ဟာ မရှိမဖြစ်တဲ့ဟာ။ နောက် မှတ်ပုံတင်နဲ့သန်းခေါင်စာရင်းမှမရှိဘူးဆိုရင် နောင်တစ်ချိန်ကျ မင်းတို့အခက်အခဲတွေ့လိမ့်မယ်။

ဥပမာ အခုနိုင်ငံခြားမှာ တရားဝင်ပဲသွားလုပ်လုပ်၊တရားမဝင်ဘဲသွားလုပ်လုပ် မှတ်ပုံတင်ရှိလို့ရှိရင် အလုပ်တွေဘာတွေရတယ်။ မှတ်ပုံတင်မရှိရင်မရဘူး။ နောက်တစ်ခါ မြန်မာပြည်၊ ကိုယ့်မြန်မာပြည်တွင်းမှာလည်း မှတ်ပုံတင်ရှိမှ ဘယ်နေရာသွားချင်လည်း သွားလို့ရတယ်။ မရှိရင် မင်းတို့ အခက်အခဲ ဖြစ်မယ်။ အဲဒါကိုပြောတဲ့အခါကျတော့ လုပ်တဲ့လူလည်းရှိတယ်။ တချို့ကလည်း ဟာ မှတ်ပုံတင် မရှိလည်းနေလို့ရပါတယ်ကွာတဲ့။ အဲဒီကျတော့ ဘယ်အချိန်မှာ အခက်ကြုံလဲဆိုတော့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် ရွေးကောက်ပွဲကျတော့ မဲရုံဖွင့်ဖို့အတွက် ဒါ လူစာရင်းတောင်းတယ်။ လူ ဟိုဥစ္စာ ဖွဲ့စည်းတဲ့အခါကျတော့ အဲဒီမှာ တိုင်းရင်းသားပါတီတွေ အဲဒီမှာ ဒေးဒုက္ခတွေ့တာပဲ။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့တောရွာဒေသမှာ ကျွန်တော်တို့ မဲရုံဖွင့်ဖို့လုပ်တဲ့အခါမှာ မှတ်ပုံတင်မရှိကြဘူး။ သန်းခေါင်စာရင်း မရှိကြဘူး။ အေး အဲဒါကျမှာ ဒုက္ခပဲ အချိန်ကလည်း ခုနလိုပဲ နှစ်ပတ်လောက်ပဲလိုတယ်။ ဘယ်လိုမှ လုပ်လို့မရဘူး။ အဲဒီမှာ တိုင်းရင်းသားပါတီတွေ ကောင်းကောင်း ခံစားသွားရတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့က လဝက ဝန်ကြီးဌာနကိုလည်း မိမိမြို့နယ်၊ တောင်ပေါ်ဒေသ မြို့နယ်တွေ အတွင်းမှာ ဒါ ခုနလို ဒါ မှတ်ပုံတင်ရရှိဖို့ ခုနလိုပေါ့။ တင်ပြခြင်းဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအချက်အနေနဲ့ တင်ပြချင်တာကတော့ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်မှာ လူတွေနဲ့ တွေ့ဆုံပြီးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေဟာ မိမိ လွှတ်တော်ဒေသကို ပြန်ရောက်လို့ရှိရင် ကော်မတီတွေနဲ့ ဝန်ကြီးဌာနတွေ့ဆုံပြီး ရလဒ်ကောင်းရရှိနိုင်သလို ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးကော်မတီအနေနဲ့ ယခုထက်ပိုပြီး ပြည်သူ့ရဲ့အကျိုး ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ရင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကော်မတီ၏ အစီရင်ခံစာကို ထောက်ခံ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေး ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဒေါက်တာဗညားအောင်မိုး (ဥက္ကဋ္ဌ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကော်မတီ)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်း ရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချ ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက် မှု အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံပေးပါရန် အဆို တင်သွင်းလိုက်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ ပါမယ်။ အမျိုးသား လွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ အစီရင်ခံစာကို အတည် ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွားမြှင့်တင်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွား မြှင့်တင်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင် ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွား မြှင့်တင်ရေး ကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးဆွေအောင်(ဥက္ကဋ္ဌ၊ တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွား မြှင့်တင်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ပဏာမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွားမြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဆွေအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွားမြှင့်တင်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူ လက်ခံရန် ကျွန်တော်က အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသား လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွားမြှင့်တင်ရေးကော်မတီ၏ အစီရင်ခံစာ ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ် သမားအကျိုးစီးပွား မြှင့်တင်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလများ အတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်း ခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးဝင်းနောင်(အတွင်းရေးမှူး၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူ လက်ခံပေးပါရန် ကော်မတီရဲ့အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၅) က အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ ပါမယ်။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာ ပါတယ်။

**အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီကအစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးလှဆွေ (ဥက္ကဋ္ဌ၊ သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်မှ ဖွဲ့စည်းထား

သော သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပထမအကြိမ် အမျိုးသားလွှတ်တော်၊ သက်တမ်းကာလများအတွင်း ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အသေးစိတ်အချက်အလက်များကို ကိုယ်စားလှယ်ကြီးများရဲ့လက်ရောက် စာမျက်နှာ (၃၁) မျက်နှာပါ ဖြန့်ဝေပြီးလည်း ဖြစ်ပါတယ်။

## ပထမအကြိမ်၊ အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

### နိဒါန်း

၁။ သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို နိုင်ငံရဲ့သဘာဝသယံဇာတများ အခြေအနေသိရှိရန်နှင့် ဒေသတွင်းနေထိုင်လျက်ရှိကြသော ပြည်သူလူထုအနေဖြင့် သတ္တုသယံဇာတများအား ဥပဒေနှင့်အညီ ထုတ်လုပ်ခံစားခွင့် ရရှိနိုင်ရေးနှင့် အခြေခံလူတန်းစားတို့၏ လူမှုစီးပွားရေး ပိုမိုမြင့်မားလာစေရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ပထမအကြိမ်၊ အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအကျဉ်းချုပ်ကို ပြုစုခြင်းဖြင့် ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်သက်တမ်းတွင် လုပ်ငန်းများဆောင်ရွက်ရာ၌ ပိုမိုအဆင်ပြေ ချောမွေ့စေရေးနှင့် နောင်လာမည့် လွှတ်တော်ကိုယ်စားလှယ်အသစ်များအား ပြန်လည်မျှဝေနိုင်စေရန် စာတမ်းကို ပြုစုခြင်း ဖြစ်ပါတယ်။

### ရည်ရွယ်ချက်

၂။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဖြစ်ထွန်းလျက်ရှိသော သဘာဝသယံဇာတများ၊ စက်မှုတွင်းထွက်ကုန်ကြမ်းများ၊ ကုန်းတွင်းရေနံ၊ သဘာဝဓာတ်ငွေ့များကို မိမိတိုင်းဒေသကြီး၊ ပြည်နယ်တွင် ထုတ်လုပ်နိုင်ရန်အတွက် တိုင်းရင်းသားပြည်သူများမှသိရှိပြီး သယံဇာတ တူးဖော်လုပ်ကိုင် ရောင်းချနိုင်ရေးလုပ်ငန်းများအား ခေတ်မီသော နည်းပညာများဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးနှင့် စနစ်တကျဆောင်ရွက်လာစေရန် ရည်ရွယ် ပါတယ်။

### ကော်မတီအား အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခြင်း

**၃။** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၄)၊ အပိုဒ် ၁၄၇(ဂ) အရ (၄)ကြိမ် ပြောင်းလဲဖွဲ့စည်းခဲ့တာကို အစီရင်ခံစာထဲမှာ အသေးစိတ် ဖော်ပြထားပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၄)၊ အပိုဒ် ၁၄၇(ဂ) အရ (၄)ကြိမ်ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

(က) အမျိုးသားလွှတ်တော်၊ သတ္တုသယံဇာတရေးရာကော်မတီကို ၂၂-၃-၂၀၁၂ ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ်- ၁ဂဂ/အမလ/၁-၃(ကော်မတီ)၂၀၁၂(၁၄၁)ဖြင့် ပထမအကြိမ် အောက်ပါကော်မတီ အဖွဲ့ဝင် (၉) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်-

(၁) ဦးနေဝင်းထွန်း၊ မဲဆန္ဒနယ်အမှတ်(၉)၊ ရှမ်းပြည်နယ် ဥက္ကဋ္ဌ

(၂) ဦးစောတော်ပလဲ၊ မဲဆန္ဒနယ်အမှတ်(၇)၊ ကရင်ပြည်နယ် အဖွဲ့ဝင်

(၃) ဦးဇုန်လှယ်ထန်း၊ မဲဆန္ဒနယ်အမှတ်(၂)၊ ချင်းပြည်နယ် အဖွဲ့ဝင်

(၄) ဦးအောင်ဝင်း၊ မဲဆန္ဒနယ်အမှတ်(၄)၊ တနင်္သာရီတိုင်းဒေသကြီး အဖွဲ့ဝင်

(၅) ဦးထွန်းဇော်(ခ)၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ပဲခူးတိုင်းဒေသကြီး အဖွဲ့ဝင် ကိုပေါက်

(၆) ဦးဇော်နိုင်ဦး၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ မွန်ပြည်နယ် အဖွဲ့ဝင်

(၇) ဦးကျော်ကျော်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ရခိုင်ပြည်နယ် အဖွဲ့ဝင်

(၈) ဦးစိုင်းသန့်ဇင်၊ မဲဆန္ဒနယ်အမှတ်(၄)၊ ရှမ်းပြည်နယ် အဖွဲ့ဝင်

(၉) ဦးလှဆွေ၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ မကွေးတိုင်းဒေသကြီး အတွင်းရေးမှူး

(ခ) အမျိုးသားလွှတ်တော်၊ သတ္တုသယံဇာတရေးရာကော်မတီကို ၁-၉-၂၀၁၂ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၂၊ စာအမှတ်-၁၀၀/အမလ/၁-၃ (ကော်မတီ) ၂၀၁၂(၂၃၀)ဖြင့် ဒုတိယအကြိမ် အောက်ပါကော်မတီအဖွဲ့ဝင်(၁၅) ဦးဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်-

(၁) ဦးနေဝင်းထွန်း၊ မဲဆန္ဒနယ်အမှတ်(၉)၊ ရှမ်းပြည်နယ် ဥက္ကဋ္ဌ

(၂) ဦးဘရန်ရှောင်၊ မဲဆန္ဒနယ်အမှတ်(၃)၊ ကချင်ပြည်နယ် အဖွဲ့ဝင်

(၃) ဦးနှင်းဝေ၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ကယားပြည်နယ် အဖွဲ့ဝင်

(၄) ဦးစောငြိမ်းသင်၊ မဲဆန္ဒနယ်အမှတ်(၃)၊ ကရင်ပြည်နယ် အဖွဲ့ဝင်

(၅) ဦးစောတော်ပလဲ၊ မဲဆန္ဒနယ်အမှတ်(၇)၊ ကရင်ပြည်နယ် အဖွဲ့ဝင်

(၆) ဦးဇုန်လှယ်ထန်း၊ မဲဆန္ဒနယ်အမှတ်(၂)၊ ချင်းပြည်နယ် အဖွဲ့ဝင်

(၇) ဦးတင်မြ၊ မဲဆန္ဒနယ်အမှတ်(၇)၊ စစ်ကိုင်းတိုင်းဒေသကြီး အဖွဲ့ဝင်

(၈) ဦးသိန်းလှိုင်၊ မဲဆန္ဒနယ်အမှတ်(၈)၊ စစ်ကိုင်းတိုင်းဒေသကြီး အဖွဲ့ဝင်

(၉) ဦးအောင်ဝင်း၊ မဲဆန္ဒနယ်အမှတ်(၄)၊ တနင်္သာရီတိုင်းဒေသကြီး အဖွဲ့ဝင်

(၁၀) ဦးထွန်းဇော်(ခ)၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ပဲခူးတိုင်းဒေသကြီး အဖွဲ့ဝင် ကိုပေါက်

(၁၁) ဦးဇော်နိုင်ဦး၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ မွန်ပြည်နယ် အဖွဲ့ဝင်

(၁၂) ဦးကျော်ကျော်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ရခိုင်ပြည်နယ် အဖွဲ့ဝင်

(၁၃) ဦးစိုင်းသန့်ဇင်၊ မဲဆန္ဒနယ်အမှတ်(၄)၊ ရှမ်းပြည်နယ် အဖွဲ့ဝင်

(၁၄) ဦးဝီလ်ဆင်မိုး၊ မဲဆန္ဒနယ်အမှတ်(၇)၊ ရှမ်းပြည်နယ် အဖွဲ့ဝင်

(၁၅)　ဦးလှဆွေ၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ မကွေးတိုင်းဒေသကြီး　　အတွင်းရေးမှူး

(ဂ)　အမျိုးသားလွှတ်တော်၊ သတ္တုသယံဇာတရေးရာကော်မတီကို ၅-၈-၂၀၁၃ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၃၊ စာအမှတ်-၁၀၀/အမလ/၁-၃(ကော်မတီ) ၂၀၁၃(၃၁၈)ဖြင့် တတိယအကြိမ် အောက်ပါကော်မတီဝင်(၁၅)ဦးဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်-

(၁)　ဦးနေဝင်းထွန်း၊ မဲဆန္ဒနယ်အမှတ်(၉)၊ ရှမ်းပြည်နယ်　　ဥက္ကဋ္ဌ

(၂)　ဦးဘရန်ရှောင်၊ မဲဆန္ဒနယ်အမှတ်(၃)၊ ကချင်ပြည်နယ်　　အဖွဲ့ဝင်

(၃)　ဦးနှင်းဝေ၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ကယားပြည်နယ်　　အဖွဲ့ဝင်

(၄)　ဦးစောငြိမ်းသင်၊ မဲဆန္ဒနယ်အမှတ်(၃)၊ ကရင်ပြည်နယ်　　အဖွဲ့ဝင်

(၅)　ဦးစောတော်ပလဲ၊ မဲဆန္ဒနယ်အမှတ်(၇)၊ ကရင်ပြည်နယ်　　အဖွဲ့ဝင်

(၆)　ဒေါက်တာမြင့်နိုင်၊ မဲဆန္ဒနယ်အမှတ်(၃)၊ စစ်ကိုင်းတိုင်းဒေသကြီး　　အဖွဲ့ဝင်

(၇)　ဦးသိန်းလှိုင်၊ မဲဆန္ဒနယ်အမှတ်(၈)၊ စစ်ကိုင်းတိုင်းဒေသကြီး　　အဖွဲ့ဝင်

(၈)　ဦးအောင်ဝင်း၊ မဲဆန္ဒနယ်အမှတ်(၄)၊ တနင်္သာရီတိုင်းဒေသကြီး　အဖွဲ့ဝင်

(၉)　ဦးမောင်စိန်၊ မဲဆန္ဒနယ်အမှတ်(၅)၊ တနင်္သာရီတိုင်းဒေသကြီး　　အဖွဲ့ဝင်

(၁၀)　ဦးထွန်းဇော်(ခ)၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ပဲခူးတိုင်းဒေသကြီး　　အဖွဲ့ဝင် ကိုပေါက်

(၁၁)　ဦးမင်းလွန်းအောင်၊ မဲဆန္ဒနယ်အမှတ်(၃)၊ မွန်ပြည်နယ်　　အဖွဲ့ဝင်

(၁၂)　ဦးစောအုန်း၊ မဲဆန္ဒနယ်အမှတ်(၉)၊ မွန်ပြည်နယ်　　အဖွဲ့ဝင်

(၁၃)　ဦးဝီလ်ဆင်မိုး၊ မဲဆန္ဒနယ်အမှတ်(၇)၊ ရှမ်းပြည်နယ်　　အဖွဲ့ဝင်

(၁၄)　ဦးလှိုင်ဦး၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ဧရာဝတီတိုင်းဒေသကြီး　　အဖွဲ့ဝင်

(၁၅)　ဦးလှဆွေ၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ မကွေးတိုင်းဒေသကြီး　　အတွင်းရေးမှူး

(ဃ)　အမျိုးသားလွှတ်တော်၊ သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီကို ၁၈-၇-၂၀၁၄ ရက်နေ့၊ အမိန့် ကြော်ငြာစာအမှတ်၊ ၃၉/၂၀၁၄၊ စာအမှတ်-၁၀၀/ အမလ/ ၁-၃ (ကော်မတီ) ၂၀၁၄ (၂၁၄) ဖြင့် စတုတ္ထအကြိမ် အောက်ပါအဖွဲ့ဝင်(၁၀) ဦးဖြင့် ကော်မတီအမည်ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်-

နောက်ဆုံးအကြိမ်အဖြစ် ၁၈-၇-၂၀၁၄ ရက်နေ့၊ အမိန့် ကြော်ငြာစာအမှတ်၊ ၃၉/၂၀၁၄၊ စာအမှတ် -၁၀၀/အမလ/ ၁-၃ (ကော်မတီ) ၂၀၁၄ (၂၁၄) ဖြင့် ကော်မတီအမည်ကိုလည်း ပြောင်းလဲ ဖွဲ့စည်းခဲ့ပါတယ်။

(၁) ဦးလှဆွေ၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ မကွေးတိုင်းဒေသကြီး ဥက္ကဋ္ဌ
(၂) ဦးဘရန်၊ ရှောင်မဲဆန္ဒနယ်အမှတ်(၃)၊ ကချင်ပြည်နယ် အဖွဲ့ဝင်
(၃) ဦးစိုင်းတင်အောင်၊ မဲဆန္ဒနယ်အမှတ်(၅)၊ ကချင်ပြည်နယ် အဖွဲ့ဝင်
(၄) ဦးနှင်းဝေ၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ကယားပြည်နယ် အဖွဲ့ဝင်
(၅) ဦးစောတော်ပလဲ၊ မဲဆန္ဒနယ်အမှတ်(၇)၊ ကရင်ပြည်နယ် အဖွဲ့ဝင်
(၆) ဦးမောင်စိန်၊ မဲဆန္ဒနယ်အမှတ်(၅)၊ တနင်္သာရီတိုင်းဒေသကြီး အဖွဲ့ဝင်
(၇) ဦးထွန်းဇော်(ခ)၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ပဲခူးတိုင်းဒေသကြီး အဖွဲ့ဝင် ကိုပေါက်
(၈) ဦးမင်းလွန်းအောင်၊ မဲဆန္ဒနယ်အမှတ်(၃)၊ မွန်ပြည်နယ် အဖွဲ့ဝင်
(၉) ဦးနေဝင်းထွန်း၊ မဲဆန္ဒနယ်အမှတ်(၉)၊ ရှမ်းပြည်နယ် အဖွဲ့ဝင်
(၁၀) ဦးသိန်းလှိုင်၊ မဲဆန္ဒနယ်အမှတ်(၈)၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရေးမှူး

**ကော်မတီ၏လုပ်ငန်းတာဝန်များ**

ကော်မတီရဲ့လုပ်ငန်းတာဝန်(၇)ရပ်ကို အစီရင်ခံစာမှာ အသေးစိတ် ဖော်ပြပြီး ဖြစ်ပါတယ်။

၄။ ကော်မတီသည် အောက်ပါအတိုင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ကော်မတီသည် မိမိ၏လေ့လာတွေ့ရှိချက်များအပေါ် မူတည်၍ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့အဆိုတင်သွင်းနိုင်သည်။

(ခ) ကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၈ အရ လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမည်။

(ဂ) လွှတ်တော်ဥက္ကဋ္ဌက လိုအပ်၍ဖြစ်စေ၊ သင့်တော်၍ဖြစ်စေ လေ့လာစေသော (သို့မဟုတ်) ဆောင်ရွက်စေသော အထူးကိစ္စရပ်များကိုလည်း ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်၍ သတ်မှတ်သည့်အတိုင်း အစီရင်ခံစာပြုစုတင်ပြရမည်။

(ဃ) လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် တင်သွင်းသင့်ကြောင်း မှတ်ချက်ပြုသော အစီရင်ခံစာပါအကြောင်းအရာနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(င) ကော်မတီဟူသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးတာဝန်များအရ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တူညီသောအခွင့်အလမ်းရရှိစေရန် ဖော်ဆောင်ပေးရမည်-

(၁) အလုပ်လုပ်ကိုင်မှု၊

(၂) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊

(၃) စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊

(၄) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု။

(စ) ကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ဂ အရ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာလုပ်ကိုင်ခွင့်ရှိသည်ကိုလည်းကောင်း၊ ပုဒ်မ ၃၇၁ အရ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကိုရရှိစေရန် ကူညီမည်ဆိုသည်ကိုလည်းကောင်း၊ ပုဒ်မ ၃၇၂ အရ ဥပဒေနှင့်မဆန့်ကျင် ဘဲစီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်ဆိုတာ အပိုဒ်များအား အားပေးကူညီဖော်ဆောင်ရမည်။

(ဆ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသော အမျိုးသားစီမံကိန်းအရ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ယင်းဝန်ကြီးဌာန၏ မူဝါဒနှင့်ရည်မှန်းချက်၊ လုပ်ငန်းလမ်းစဉ်များကို အောင်မြင်အောင် နိုင်ငံတော်အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်၏ ကော်မတီတစ်ရပ်အနေဖြင့် ကျရာကဏ္ဍမှ ပူးပေါင်းကူညီဖော်ဆောင်ရမည်။

(ဇ) ကော်မတီသည် သတ္တုနှင့်သဘာဝသယံဇာတရေးရာကိစ္စရပ်များ ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆက်သွယ်သွားရမည်။

ကော်မတီရဲ့လုပ်ပိုင်ခွင့်များကတော့ အခြားကော်မတီများနည်းတူဖြစ်တဲ့အတွက် အကျယ်ချဲ့ပြီး မတင်ပြလိုတော့ပါဘူး။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ၊ ပြုပြင်ပြောင်းလဲစီစဉ်ဆောင်ရွက်ပေးရန်သင့်သော သို့မဟုတ်လိုအပ်သလို အရေးယူ ဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော် ဥက္ကဋ္ဌထံသို့သက်ဆိုင်ရာ အမှုတွဲနှင့်တကွ ပြည်စုံစွာ ပြုစုတင်ပြရမည်။

၆။ ကော်မတီသည် သတ္တုတူးဖော်ထုတ်လုပ်နေသူများ၏ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို ဥပဒေနှင့်အညီ ဖော်ဆောင်ညှိနှိုင်းပေးမည်ဖြစ်ပြီး နစ်နာဆုံးရှုံးမှုများရှိက တင်ပြချက်အပေါ် မူတည်၍ သက် ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများနှင့်ဆက်သွယ်ကာ ညှိနှိုင်းဆွေးနွေးခြင်း၊ ကြားနာခြင်းများ ပြုလုပ်ပြီးနိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးများ ထိခိုက်မှုမရှိအောင် ဥပဒေနှင့်အညီ ဖော်ဆောင်ပေးမည့်တွေ့ရှိချက်ကို လွှတ်တော်ဥက္ကဋ္ဌထံ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရမည်။

၇။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌခွင့်ပြုချက်ဖြင့် သတင်းစာရှင်းလင်းပွဲများကို ပြုလုပ်နိုင်သည်။

၈။ ကော်မတီသည် ပြည်ပမှတရားဝင်ဆက်သွယ်လာသော သတ္တုနှင့်သယံဇာတရင်းနှီးမြှုပ်နှံလိုသူ

များအား တွေ့ဆုံဆွေးနွေးခြင်းကို လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် တွေ့ဆုံညှိနှိုင်းကာ ညှိနှိုင်းရရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ နိုင်ငံတော်၏ သတ္တုနှင့်သယံဇာတဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်သွားမည်။ ထိုကဲ့သို့ ပြည်ပသို့ ရင်းနှီးမြှုပ်နှံလိုသူများ ရောက်ရှိလာရေးကို ဖိတ်ခေါ်ဆောင်ရွက်နိုင်သည်။

၉။ ကော်မတီသည် သတ္တုနှင့်သယံဇာတရေးရာကိစ္စရပ်၌ ပဋိပက္ခဖြစ်နေသောနေရာ၊ ကဏ္ဍသစ်ဖွင့်လှစ်သင့်သောနေရာ စသည့် နိုင်ငံတော်အစိုးရအပေါ် အထောက်အကူပြုနိုင်မည့် ကိစ္စရပ်များအတွက် လိုအပ်က ကွင်းဆင်းလေ့လာဆောင်ရွက်သွားရမည်။ ထိုသို့ဆောင်ရွက်ရာ၌ လွှတ်တော်ရုံးသို့ တင်ပြ၍ သွားလာတည်းခိုနေထိုင်ရေးကိစ္စများအတွက် သတ်မှတ်ချက်အတိုင်း ခံစားခွင့်ရှိမည်။

၁၀။ ကော်မတီသည် ပြည်တွင်းပြည်ပနိုင်ငံများနှင့် သတ္တုနှင့်သယံဇာတကဏ္ဍ ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာနိုင်ရန် ဖိတ်ကြားလာခြင်းအား လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လက်ခံသွား ရောက်နိုင်သည်။ ထိုသို့သွားရောက်လေ့လာရာတွင် ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာများကို လွှတ်တော်ရုံး သို့တင်ပြ၍ လွှတ်တော်ရုံး၏စီမံပေးမှုဖြင့် ဆောင်ရွက်ရမည်။

**ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၁၁။ ကော်မတီဝင်များသည် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ တာဝန်အရ ခရီးသွားလာခြင်းအတွက် ခရီးစရိတ်နှင့် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် အခြားစရိတ်များအား တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သလို တင်ပြညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးရမည်။

**ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဟာ သဘာဝသယံဇာတ များနှင့် ပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်ရန်အလို့ငှာ နိုင်ငံတော်အကျိုးအတွက် သဘာဝသယံဇာတများအား ဥပဒေနှင့်အညီ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်၊ နိုင်ငံတော်မှ ချမှတ်ထားတဲ့ဥပဒေများအား လိုက်နာဆောင်ရွက်ရန်အတွက် ကော်မတီအနေဖြင့် အစိုးရနှင့်ပြည်သူကြား သဘောထားကွဲလွဲမှုမရှိစေရန်၊ စည်းကမ်းလိုက်နာရန်၊ ပြည်သူများ မနစ်နာစေရန် ရည်ရွယ်ပြီးတော့ ဥပဒေများအသစ် ပြင်ဆင်ရေးဆွဲသင့်သည်ကို ပြင်ဆင်ရေးဆွဲရန်၊ နိုင်ငံတော်၏ အကျိုးစီးပွားကို တိုးတက်လာစေရန်အတွက် ကော်မတီမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆက်သွယ်၍ တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ ထုတ်ပြန်ထားတဲ့အမိန့်နှင့် ညွှန်ကြားချက်များအား ပြည်သူများ လိုက်နာဆောင်ရွက်စေရန် သတ္တုလုပ်ငန်းနှင့် စပ်လျဉ်း၍လည်း ဗဟုသုတနည်းပညာများကို ပြည်သူများနားလည်သဘောပေါက်အောင် ပညာပေးဆွေးနွေးခြင်းများကို ဆောင်ရွက်ရန်အတွက် ဖြစ်ပါတယ်။

**ကော်မတီစည်းအဝေးများ**

၁၃။ သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဟာ စတင်ဖွဲ့စည်းခဲ့တဲ့ အချိန်က စပြီးတော့ ယခုအချိန်ထိ စုစုပေါင်း(၄၄)ကြိမ်၊ ကော်မတီအစည်းအဝေးများ ပြုလုပ်ခဲ့ပါတယ်။

၁၄။ ပထမအကြိမ်၊ စတုတ္ထပုံမှန်အစည်းအဝေးတွင် ကော်မတီသည် အောက်ပါအစည်းအဝေး (၁၀) ကြိမ်ပြုလုပ်ခဲ့ပါသည်-

(က) ၅-၇-၂၀၁၂ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၉)ဦး တက်ရောက်ပြီး ကော်မတီ၏မူဝါဒ လမ်းစဉ်နှင့် ရည်ရွယ်ချက်များကို စုပေါင်းလေ့လာကြရန် အစိုးရနှင့် ပြည်သူ့အကျိုး စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်အထည်ဖော်ရန်၊ နိုင်ငံတကာနှင့် ဆက်သွယ် ဆောင်ရွက်ရန်၊ သတ္တုလုပ်ငန်းနှင့်စပ်လျဉ်း၍ သိရှိနားလည်ရန်အတွက် ပြည်တွင်း ပြည်ပများသို့ လေ့လာရေးသွားရောက်ရန်၊ သတ္တုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဗဟုသုတ နည်းပညာများကို ပြည်သူများ နားလည်သဘောပေါက်အောင် ပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ရန်၊ သတ္တုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် ပြည်သူများအကြား သုတေသနလုပ်ပေးရန်၊ ကော်မတီနှင့်စပ်လျဉ်း၍ ကော်မတီများ အတွက် ဖြန့်ဝေထားသော သီးခြားကိုယ်ပိုင်ဖိုင်များအား လေ့လာဖတ်ရှုကြရန်နှင့် ရရှိလာမည့် စာရွက်စာတမ်းများကို ဆက်လက်တွဲထားရန်အတွက် ဆွေးနွေးခဲ့ကြ ပါသည်။

(ခ) ၁၁-၇-၂၀၁၂ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၇)ဦးတက်ရောက်ကြပြီး ဝန်ကြီးဌာနများသို့ ဥပဒေ၊နည်းဥပဒေ၊အမိန့်ညွှန်ကြားချက်များတောင်းခံခြင်းနှင့် အစီရင်ခံစာကိစ္စများကို ဆွေးနွေးခဲ့ပါသည်။

(ဂ) ၇-၈-၂၀၁၂ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၇)ဦး တက်ရောက်ပြီး (၁၉/၂၁-၇-၂၀၁၂) ရက်နေ့အထိ တနင်္သာရီတိုင်းသို့ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် ဒေသခံပြည်သူများ အလုပ် အကိုင်ရရှိရေး၊ သတ္တုလုပ်ငန်းရှင်များနှင့် အသိအမြင်ဖလှယ်ပြီး ၎င်းတို့၏ အခက်အခဲများကို တတ်အားသရွေ့ ကူညီဖြေရှင်းပေးနိုင်ခဲ့ကြောင်း၊ ကော်မတီဝင် များ၏ အတွေ့အကြုံများနှင့် ထပ်မံ၍ ခရီးစဉ်များလည်းရှိကြောင်း ဆွေးနွေးခဲ့ပါ သည်။

(ဃ) ၁၀-၈-၂၀၁၂ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၄)ဦးတက်ရောက်ကြပြီး ကော်မတီ၏ လုပ်ငန်းများ အဆက်မပြတ်သိရှိနိုင်ရန် တစ်ပတ်လျှင်(၃)ရက်ခန့် တွေ့ဆုံ ဆွေးနွေး သွားမည်ဖြစ် ကြောင်း ဆွေးနွေးခဲ့ပါသည်။

(င) ၁၄-၈-၂၀၁၂ ရက်နေ့၊ ကော်မတီ အဖွဲ့ဝင်(၄)ဦးတက် ရောက်ကြပြီး သတ္တုတူးဖော် ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး ခဲ့ကြပါသည်။

(စ) ၁၇-၈-၂၀၁၂ ရက်နေ့၊ကော်မတီအဖွဲ့ဝင်(၆)ဦး တက်ရောက်ကြပြီး သယံဇာတ အမျိုးမျိုးကို ကော်မတီအဖွဲ့ဝင်(၉)ဦးမှ တာဝန်ခွဲဝေယူရန်၊ စာရွက်စာတမ်းများကို ဝန်ကြီးဌာနများမှ ဆက်လက် တောင်းခံရန် ဆွေးနွေးခဲ့ပါသည်။

(ဆ) ၂၄-၈-၂၀၁၂ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၆)ဦး တက်ရောက်ပြီး ဝန်ကြီးဌာနများမှ စာရွက်စာတမ်းများ ဆက်လက်တောင်းယူလိုကြောင်း၊ ကော်မတီရုံးတွင်စာကြည့်တိုက်

ထားရန် လိုအပ်သည့် စာအုပ်စာတမ်းများဝယ်ယူရန်၊ သယံဇာတဘာသာရပ်ဆိုင်ရာ အဖွဲ့ ဖွဲ့ အတည်ပြုရန် ဆွေးနွေးခဲ့ပါသည်။

(ဈ) ၃၁-၈-၂၀၁၂ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၅)ဦး တက်ရောက်ကြပြီး ၂၄-၉-၂၀၁၂မှ ၄-၁၀-၂၀၁၂ ရက်နေ့အထိ မကွေး၊ ချင်း၊ စစ်ကိုင်းခရီးစဉ်ရေးဆွဲခြင်း၊၃၁-၈/၁-၉ ရက်နေ့နောက်ပိုင်း သတ္တုတွင်းဝန်ကြီးဌာန၏ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတောင်းခံရန် ဆွေးနွေးခဲ့ပါသည်။ ၂၄-၉-၂၀၁၂ မှ ၄-၁၀-၂၀၁၂ ရက်နေ့အထိ သွား ရောက်ခဲ့သည့် ခရီးစဉ်အစီရင်ခံစာ(စာအုပ်)အား ၆-၂-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။ အဆိုပါခရီးစဉ်တွင် သဘာဝသယံ ဇာတများအခြေအနေသိရှိရန်နှင့် ဒေသတွင်းနေထိုင်လျက်ရှိကြသော ပြည်သူလူထု အနေဖြင့် ထုတ်လုပ်ခံစားခွင့်ရရှိနိုင်ရန်အတွက် ကော်မတီအနေဖြင့် ကွင်းဆင်းလေ့လာ ခြင်းဖြစ်ပါသည်။ ကော်မတီ၏ခရီးစဉ်တွင် ကော်မတီဝင်များ အနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားတိုးတက်ဖော်ဆောင်နိုင်ရန် စိတ်ရည်သန်၍ အပင်ပန်းခံသွားရောက်ခဲ့ရာ ဒေသခံပြည်သူများအနေဖြင့် ယုံကြည်အားကိုး မျှော်လင့်ချက်များဖြင့် စိတ်အား ထက် သန်စွာ အလုပ်လုပ်ကိုင်လိုကြသည်ကို တွေ့ရှိရပါသည်။ ဒေသခံပြည်သူများအနေဖြင့် မိရိုးဖလာစိုက်ပျိုးရေး လုပ်ငန်းမှာလည်း တိုးပွားလာသည့်လူဦးရေနှင့် မမျှတတော့သည့်အတွက် လုပ်ငန်းသစ်နှင့်အလုပ်အကိုင်သစ်များ လုပ်ကိုင်လိုသည့် စိတ်ဆန္ဒများ ဖြစ်ပွားမှုရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်၏ ရည်ရွယ်ချက်ဖြစ်သည့် အခြေခံလူတန်းစားဖြစ်သော တောင်သူ လယ်သမားများ၏ လူနေမှုဘဝ မြှင့်တင်ရေးအတွက် သတ္တုကဏ္ဍဖွံ့ဖြိုးရေးအား မြှင့်တင်ဖော်ဆောင်၍ ဒေသခံများအား ပညာပေးလုပ်ကိုင်စေလျှင် ၎င်းတို့ဘဝ အထိုက်အလျောက် တိုးမြှင့်နိုင်မည်ဖြစ်ပါသည်။ ကော်မတီ၏ခရီးစဉ်သည် ကော်မတီအတွက် သော်လည်းကောင်း၊ နိုင်ငံတော်အတွက် သော်လည်းကောင်း၊ အကျိုးကျေးဇူးများစွာ ရရှိခဲ့ပါသည်။

(ဉ) ၅-၉-၂၀၁၂ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၁၄)ဦး တက်ရောက်ကြပြီး ကော်မတီဝင်(၁၅) ဦး ထပ်မံဖွဲ့စည်းသည့် အတွက် မိတ်ဆက်၍ အထူးအစည်းအဝေး ပြုလုပ်ခဲ့ပြီး ကော်မတီဝင်များအား သတ္တုသယံဇာတဆိုင်ရာများကို လေ့လာဖတ်ရှုရန် ခရီးစဉ်တွင် ခွင့်ပန်သူများ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ အကြောင်းကြားရန် ဆွေးနွေးခဲ့ပါသည်။

(ည) ၆-၉-၂၀၁၂ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၁၂)ဦး တက်ရောက်ကြပြီး သယံဇာတပေါင်း (၄၀)မျိုးကို ကော်မတီဝင်များက ခွဲဝေတာဝန်ယူလေ့လာရန် ခရီးစဉ်နေ့တွက်စရိတ်ကို ရုံးအဖွဲ့မှ ငွေစာရင်းသို့ တောင်းခံပေးရန် ဆွေးနွေးခဲ့ပါသည်။

၁၅။ ပထမအကြိမ်၊ ပဉ္စမပုံမှန်အစည်းအဝေးတွင် ကော်မတီသည် အောက်ပါအစည်းအဝေး (၂) ကြိမ် ပြုလုပ်ခဲ့ပါသည်-

(က) ၁၆-၁၁-၂၀၁၂ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၉) ဦးတက်ရောက်ပြီး ၁၉-၁၁-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အစည်းအဝေးအတွက် ကြိုတင်ညှိနှိုင်းချက်များနှင့်

ကော်မတီဝင်များ သွားရောက်မည့် တရုတ်ပြည်ခရီးစဉ်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ကြိုတင်ညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

(ခ) ၁၉-၁၁-၂၀၁၂ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၁၃)ဦးတက်ရောက်၍ မြန်မာနိုင်ငံရှေ့ လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြပြီး အဆိုပါအစည်းအဝေး တွင် ကော်မတီအနေဖြင့် ဆွေးနွေးချက်၊ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များ သီးသန့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အသီးသီးမှ လေ့လာတွေ့ရှိချက်များနှင့် သုတေသန ပြုလုပ်ချက်များကို ပေါင်းစပ်ပြီး ယခု နိုင်ငံတော် အစိုးရ၏မူဝါဒနှင့်တကွ အစိုးရနှင့်ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်း ရေးကို ရှေးရှုလျှက် လွှတ်တော်တွင် အဆိုအဖြစ်လည်းကောင်း၊ မေးခွန်းအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လည်းကောင်း၊ ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပြီး အကယ်၍ လွှတ်တော်အစည်းအဝေးများ ရပ်နားထားသည့် ကာလ အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဥပဒေပြဌာန်းချက်များ၊ နည်းဥပဒေများ၊ မူဝါဒများ အား ဤကော်မတီသို့ ပေးပို့လာပါက လွှတ်တော်တွင် အဆို၊ မေးခွန်းအဖြစ်မဟုတ်ဘဲ ကော်မတီက ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက ကော်မတီ၏ သဘောထား မှတ်ချက်ဖြင့် ဥပဒေကြမ်းကော်မတီသို့ တင်ပြဆောင်ရွက်သွားရန် ဆွေးနွေးပါသည်။

၁၆။ ပထမအကြိမ်၊ ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ကော်မတီသည် အောက်ပါအစည်းအဝေး(၁) ကြိမ် ပြုလုပ်ခဲ့ပါသည်-

(က) ၁၇-၁-၂၀၁၃ ရက်နေ့၊ ကော်မတီအဖွဲ့ဝင် (၁၀)ဦး တက်ရောက်ပြီး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ စွမ်းအင်ဝန်ကြီးဌာနမှ အမှုဆောင်အရာရှိ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေး မှူးချုပ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် တို့တက်ရောက်ကြပြီး သတ္တုသယံဇာတ တူးဖော်မှုနှင့် စပ်လျဉ်း ၍ ဝန်ကြီးဌာနများမှ နောက်ဆုံးထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်ဆိုင်ရာ အချက်အလက်များ တောင်းခံခြင်းဖြင့် မူဝါဒလမ်းစဉ်များကို ပိုမိုအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပံ့ပိုးပေးနိုင်ရန်၊ ပြည်သူများနှင့် လက်တွေ့မကျင့်သုံးနိုင် သည့် ကိစ္စရပ်များရှိခဲ့လျှင် ကော်မတီအနေဖြင့် အကောင်းဆုံး အဖြေတစ်ခုရရှိနိုင် ကြောင်း ဆွေးနွေးပါသည်။

၁၇။ ပထမအကြိမ်၊ ဆဋ္ဌမပုံမှန် အစည်းအဝေးကြားဖြတ်ကာလ ကော်မတီသည် အောက်ပါအစည်း အဝေး (၁)ကြိမ်ပြုလုပ်ခဲ့ပါသည်-

(က) ၂၃-၅-၂၀၁၃ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၈)ဦးတက်ရောက်ပြီး သတ္တုတွင်းဝန်ကြီး ဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး၊ အင်ဂျင်နီယာမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးများတက်ရောက်ပြီး ရှမ်းပြည်နယ်၊ ကလောမြို့နယ်မှ ပြည်နယ်

လွှတ်တော်ကိုယ်စားလှယ်(၉)ဦးနှင့် အာရှကမ္ဘာမြေကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်(၅)ဦး တို့တက်ရောက်ကြပြီး ရွှေမင်းဘုံဒေသလုပ်ကွက်နှင့် စပ်လျဉ်း၍ ထုတ်လုပ်ခွင့်ရသော ကုမ္ပဏီအား တိုင်ကြားမှုနှင့်အတူ ဒေသခံများမှ အဆိုပါတိုင်ကြားစာများအပေါ်၌ နိုင်ငံတော်မှ အရေးယူဆောင်ရွက်ပေးမှုအပေါ် စောင့်မျှော်လျက်ရှိကြောင်း တွေ့ရပါသည်။ တိုင်ကြားသူများတွင်လည်း တရားမဝင်လုပ်ကိုင်နေသူများ ပါဝင်လျက်ရှိပါသည်။ အာရှကမ္ဘာမြေစက်မှုနှင့် သတ္တုတူးဖော်ရေးလုပ်ငန်း ကုမ္ပဏီလီမိတက်၏ ရွှေပေးသွင်းမှုလျှော့ချပေးခြင်းနှင့်စပ်လျဉ်း၍ အခွင့်ထူးပေးခြင်းခံရသည်ဟုလည်း ထင်မြင်ယူဆလျက်ရှိပါသည်။ ရွှေမင်းဘုံလုပ်ကွက်ချထားပေးခြင်းနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုမရှိခဲ့ကြောင်းနှင့် ဝေဖန်လျက်ရှိကြောင်းတွေ့ရပါသည်။ အဆိုပါ အခြေအနေကြောင့် တာဝန်ရှိသူများ၏ ကိုင်တွယ်ဖြေရှင်းမှုသည် တရားမျှတမှုရှိကြောင်း၊ အများမြင်သာအောင် ဖြေရှင်းဆုံးဖြတ်ပေးရန် အထူးလိုအပ်လျက်ရှိသည်ဟု သုံးသပ်တွေ့ရှိရပါသည်။

အဆိုပါ အစည်းအဝေးအစီရင်ခံစာကို ၃-၇-၂၀၁၃ ရက်နေ့ တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ပြီး ဥက္ကဋ္ဌ၏ မှတ်ချက်အရ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ ၅-၇-၂၀၁၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၁၈။ ပထမအကြိမ်၊ သတ္တမပုံမှန်အစည်းအဝေးတွင် အောက်ပါအစည်းအဝေး(၈)ကြိမ်ပြုလုပ်ခဲ့ ပါသည်-

(က) ၃-၇-၂၀၁၃ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၁၂)ဦးတက်ရောက်ပြီး For Luck ကုမ္ပဏီ၏ လုပ်ကွက်ထပ်နေမှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ်တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှ ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းပေးရန် ညွှန်ကြားခဲ့ပါသဖြင့် လွှဲပြောင်းပေးခဲ့ ကြောင်းကိုကော်မတီဝင်များသိရှိစေရန်နှင့် ကော်မတီသို့ရောက်ရှိလာသည့် တိုင်ကြား စာများအား မည်သို့ဆက်လက်လုပ်ဆောင်သွားမည်ကို သိရှိစေရန်အတွက် ညှိနှိုင်း ဆွေးနွေးခြင်း ပြုလုပ်ခဲ့ပါသည်။ ၂၂-၄-၂၀၁၃ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ မှတ်ချက်အရ ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။

(ခ) ၁၁-၇-၂၀၁၃ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၁၀)ဦး တက်ရောက်ကြပြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်၏ အကြံပြုစာနှင့်ပတ်သက်၍ သတ္တု တွင်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဘူမိဗေဒအရာရှိများနှင့် ရွှေမာတာကုမ္ပဏီမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြင်ပပညာရှင်များ၊ဦးထွန်းထွန်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဦးစိုင်းတင်အောင် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)တို့ တက်ရောက်ပြီး မြန်မာ့ သတ္တုတွင်းဥပဒေ၊ ကျောက်မျက်ရတနာ ဥပဒေနှင့်ပတ်သက်ပြီး အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေး အစီရင်ခံစာတွင် အောက်ပါအတိုင်း အကြံပြုခဲ့ ပါသည်-

(၁) သတ္တုတွင်းဥပဒေ၌ လက်လုပ်လက်စားလုပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းသင့်ပါ သည်။

(၂) သတ္တုကုန်ကြမ်း နိုင်ငံခြားသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ရောင်းချခွင့်ရှိသည် ဆိုခြင်းကို ပြည်သူများသို့ မီဒီယာများမှတစ်ဆင့် ရှင်းလင်းသင့် ပါသည်။

(၃) မိုးမောက်၊ မံစီဒေသမှ ရွှေစပါးကုမ္ပဏီမှ နိုင်ငံခြားသို့ ထုတ်ရောင်းခွင့် ရထားသော ခဲ၊ သွပ်တန်(၇၀၀၀)၌ ရွှေ(5ppm) ပါဝင်နေမှုကို ဝန်ကြီးဌာန အနေဖြင့် ပြန်စစ်ဆေးသင့် ပါသည်။

(၄) ဂါးဂလော်ဒေသရှိ ရွှေမာတာကုမ္ပဏီလုပ်ကွက်အားလုပ်ထုံးနှင့်အညီ ပြန်လည် စစ်ဆေး၍ တရားမျှတစွာ ဆောင်ရွက်သင့်ပါသည်။

(၅) ချင်းပြည်နယ်တွင် ဒေသခံကုမ္ပဏီငယ်များနှင့် ကုမ္ပဏီကြီးများအား ကြီး/ငယ် မခွဲခြားဘဲ ဥပဒေလုပ်ထုံးနှင့်အညီ မျှတစွာ လုပ်ပိုင်ခွင့်ပေးသင့်ကြောင်း အကြံ ပြုခဲ့ပါသည်။ အဆိုပါအစီရင်ခံစာအား ၃၀-၇-၂၀၁၃ ရက်နေ့တွင် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌထံသို့တင်ပြပြီး ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ ၅-၈-၂၀၁၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

(ဂ) ၁၇-၇-၂၀၁၃ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၁၀)ဦးတက်ရောက်ကြပြီး စွမ်းအင် ကဏ္ဍ၊ ကုန်းတွင်းပိုင်း ရေနံလုပ်ကွက်များနှင့် ပတ်သက်၍ ဆွေးနွေးခြင်း အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။

(ဃ) ၂၉-၇-၂၀၁၃ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၁၀)ဦး တက်ရောက်ပြီး စွမ်းအင် ဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအထွေထွေမန်နေဂျာ၊ ဦးစီးအရာရှိတို့ တက် ရောက်ပြီး ကုန်းတွင်းပိုင်း ရေနံလုပ်ကွက်များနှင့် ပတ်သက်၍ မည်ကဲ့သို့ လုပ်ပိုင်ခွင့် ချပေးမည် လိုအပ်ပါက ဥပဒေပြင်ဆင်ရေးဆွဲပြီး လွှတ်တော်တွင် တင်ပြပေးသွားမည် ဖြစ်ကြောင်း ကော်မတီလုပ်ငန်း ညှိနှိုင်း အစည်းအဝေးပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေး အစီရင်ခံစာတွင် ပွင့်လင်းလာသောစနစ်နှင့်အညီ သတ်မှတ်ဇရိယာ နှင့် သတ်မှတ်ဇရိယာ မဟုတ်သော နေရာဒေသများ၌ ရေနံရှာဖွေစမ်းသပ်တူးဖော်ခွင့် အား ပေ(၁၀၀၀)သာမက ထို့ထက်ပိုမိုနက်ရှိုင်းစွာ တူးဖော်ခွင့်နှင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုအား ပြည်တွင်းလုပ်ငန်းရှင်နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ကို ပွင့်လင်းစွာ ကြေညာထုတ်ပြန် ပေးသင့်ကြောင်း၊ အကြံပြုတင်ပြထားပြီး အဆိုပါအစည်းအဝေး မှတ်တမ်းအား ၂၀-၈-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြပြီး ဖြစ်ပါ သည်။

(င) ၃၀-၇-၂၀၁၃ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၁၀)ဦး တက်ရောက်ပြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ ဦးရှုမောင်၏ အကြံပြုစာနှင့် ပတ်သက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် တို့တက်ရောက်ကြပြီး ပြည်သူ့အကျိုးပြုဥပဒေများကို ပြဋ္ဌာန်း ပြင်ဆင်နိုင်ရေးအတွက် ရည်ရွယ်၍ အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ကြားနာမှု အစီရင်ခံစာတွင် အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(၁) သစ်တောဧရိယာအတွင်း အဖိုးတန်သတ္တုထွက်ရှိက ပြန်လည်စိုက်ပျိုးပေးမည့် ကတိခံဝန်ချက်ပေးပြီး သတ္တုတူးဖော်ခွင့်ပြုသင့်ပါသည်။ ထိုသို့ကတိပြုရာ၌ စိုက်ပျိုးရန်ကုန်ကျစရိတ်အား သတ္တုတူးဖော်ထွက်ရှိမှု အမြတ်အပေါ်မှာ ရာခိုင်နှုန်းအချို့သတ်မှတ်၍ ဘဏ်၌စာရင်းသွင်းစေကာ Third Party တစ်ခုမှ ပြန်လည်စိုက်ပျိုးပေးခြင်းဖြစ်စေ၊ သတ္တုကုမ္ပဏီကိုယ်တိုင် ပြန်လည်စိုက်ပျိုးပေးခြင်းဖြစ်စေ ဆောင်ရွက်ပေးသင့်ပါသည်။

(၂) Community Forest ပုံစံနှစ်(၃၀) စိုက်ပျိုးထူထောင်ခွင့်များကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်သင့်ပါသည်။

(၃) သစ်တောပင်မဧရိယာအတွင်း မကျရောက်ဘဲ ကြားခံမြေအတွင်း ကျရောက်နေသော ရေနံ၊ သတ္တုစသည်များ ထွက်ရှိဒေသကို တူးဖော်ထုတ် လုပ်ခွင့်ပြုပေးသင့်ပြီး၊ ကျားသတ္တဝါစသည့် ရှားပါးပျောက်ကွယ်လု ဖြစ်နေသော သစ်တောဧရိယာများကို အထူးထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။

အဆိုပါကြားနာမှုမှတ်တမ်းကို ၂၀-၈-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံသို့ တင်ပြပြီးဖြစ်ပါသည်။

(စ) ၁၃-၈-၂၀၁၃ ရက်နေ့ ကော်မတီအဖွဲ့ဝင်(၁၀)ဦး တက်ရောက်ပြီး မွန်၊ ဧရာဝတီ၊ ရခိုင် သစ်တောနှင့်သတ္တု)ပြည်နယ်ဝန်ကြီးများ၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဒေါ်ခင်သန်းမြင့် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) တို့ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ ဆားလုပ်ငန်းရှင်များအသင်း၏ ဆားထုတ်လုပ်မှု တိုးတက်ရေး၊ စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် အကြံပြုစာတမ်းအရ ဆားထုတ်လုပ်မှုလုပ်ငန်း အခြေ အနေပျက်နေမှုကို ပြန်လည်ဦးမော့လာစေရေးအတွက် ရည်ရွယ်၍ အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။

(ဆ) ၂၂-၈-၂၀၁၃ ရက်နေ့ ကော်မတီအဖွဲ့ဝင်(၁၃)ဦး တက်ရောက်ပြီး သတ္တု တွင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြပြီး ဆားထုတ်လုပ်မှု တိုးတက်ရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုစာပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာန များနှင့် ပတ်သက်ဆက်နွယ်နေသော အခြားဌာနများအား တစ်ပေါင်းတည်း ထပ်မံတွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် အောက်ပါတို့ကို အကြံပြုခဲ့ပါသည်-

(၁) အခြေခံဥပဒေဇယား(၂)အရ ဆားထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ပိုင်ခွင့်မှာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရလက်အောက်၌ တည်ရှိသော်လည်း ဆားထုတ်လုပ်သော လယ်ယာမြေအား အခြားလုပ်ပိုင်ခွင့် ပုံစံ၃၀(ခ)ထုတ်ပေးရာ၌

ဧကကန့်သတ်ချက်မရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လုပ်ပိုင်ခွင့်ပေးသင့်ပါသည်၊ (သို့) ပြည်ထောင်စုဝန်ကြီးဌာနမှ လွယ်ကူလျင်မြန်စွာ ကူညီသင့်ပါသည်။

(၂) ရေလမ်းမှတစ်ဆင့် ထိုင်းနိုင်ငံမှ မှောင်ခိုဆားဝင်ရောက်နေမှုကို ထိရောက်စွာ တားဆီးပေးသင့်ပါသည်။

(၃) ဆားတောင်သူများ ဘဏ်ချေးငွေရရှိရေး သီးခြားအစီအစဉ်တစ်ရပ် ဗဟိုဘဏ်၌ထားရှိရန် (သို့)လယ်ယာစီးပွားရေးဘဏ်မှ ချေးငွေဖြင့် ဆားချောထုတ်လုပ်သော စက်ရုံတည်ဆောက်နိုင်ရေး ပံ့ပိုးကူညီသင့်ပါသည်။ သစ်တောကြိုးဝိုင်းအတွင်း ကျရောက်နေသော ဆားကွင်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ထောက်ခံချက်ဖြင့် ကြိုးဝိုင်းဧရိယာမှ ပယ်ဖျက်ခြင်း၊အကျိုးတူ နှစ်(၃၀) လုပ်ခွင့်ပြုခြင်းများ ဆောင်ရွက်သင့်သည်။ ၁၃-၈-၂၀၁၃ ရက်နေ့နှင့် ၂၂-၈-၂၀၁၃ ရက်နေ့ (၂)ရက်ပေါင်း အစည်းအဝေး အစီရင်ခံစာအား ၂၈-၈-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ပြီး ၃၀-၈-၂၀၁၃ ရက်နေ့တွင် ဥက္ကဋ္ဌ၏မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပေးပို့ခဲ့ပါသည်။

(ဃ) ၂၆-၈-၂၀၁၃ ရက်နေ့၊ ကော်မတီအဖွဲ့ဝင် (၉)ဦးတက်ရောက်ပြီး ဦးတင်မောင်ဝင်း (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)၊ မန္တလေးတိုင်းဒေသကြီး၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာနမှဝန်ကြီး၊ အမှတ်(၁)နှင့် အမှတ်(၂)သတ္တုတွင်းဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ တိုင်ကြားသူ ရွှေမြင့်မြတ်အောင်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရွှေပြည်နဂါးကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ သဘောထားမှတ်ချက်အတိုင်း နှစ်ဖက်ကုမ္ပဏီအား ပြေလည်စေရန် ညှိနှိုင်းပေးခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် နှစ်ဖက်ကုမ္ပဏီမှ တာဝန်ရှိသူအချင်းချင်း ပြေလည်စွာဖြင့် စွဲဆိုထားသောအမှုများ ပြန်လည်ရုပ်သိမ်းကာ တောင်းပန်မှုပြုလုပ်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဟုအဖြေရရှိခဲ့ပါသည်။

အဆိုပါအစည်းအဝေး အစီရင်ခံစာအား ၂၇-၈-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ထံသို့တင်ပြပြီး ၃၀-၈-၂၀၁၃ ရက်နေ့တွင် ဥက္ကဋ္ဌ၏မှတ်ချက်အရ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့ ပေးပို့ ခဲ့ပါသည်။

၁၉။ ပထမအကြိမ်၊ အဋ္ဌမပုံမှန်အစည်းအဝေးတွင် ကော်မတီသည် အောက်ပါအစည်းအဝေး (၃) ကြိမ် ပြုလုပ်ခဲ့ပါသည်-

(က) ၂၁-၁၀-၂၀၁၃ ရက်နေ့ ၊ ကော်မတီအဖွဲ့ဝင်(၁၂)ဦးတက်ရောက်ခဲ့ပြီး ကော်မတီအနေဖြင့် ပြည်သူနှင့်အစိုးရ အကျိုးစီးပွား လျင်မြန်စွာ အချိတ်အဆက်ဖြစ်ပေါ်လာရေးအတွက် ကျောက်မျက်ရတနာဥပဒေနှင့် သတ္တုဥပဒေကို အဆိုတင်သွင်းမည့်ကိစ္စအား ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါသည်။

(ခ) ၂၉-၁၀-၂၀၁၃ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၁၀)ဦး တက်ရောက်ပြီး ဦးတင်မောင်ဝင်း (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရွှေမြင့်မြတ်အောင်ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရွှေပြည်နဂါးကုမ္ပဏီမှ ထပ်မံတင်ပြလာခြင်းနှင့် ပတ်သက်၍ ပြန်လည်ကြားနာဆွေးနွေးခြင်း အစည်းအဝေးပြုလုပ်ခဲ့ပါသည်။

(ဂ) ၄-၁၁-၂၀၁၃ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၉)ဦး တက်ရောက်ပြီး ရွှေမာတာကုမ္ပဏီနှင့် ရွှေပြည်သိမ်းကုမ္ပဏီတို့အား ထပ်မံညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် သစ်တောနှင့်သတ္တုဝန်ကြီး (စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရအဖွဲ့ ရုံး)၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဘူမိဗေဒအရာရှိတို့နှင့် ရွှေမာတာကုမ္ပဏီ၊ ရွှေပြည်သိမ်းကုမ္ပဏီတို့မှ တာဝန်ရှိသူများတက်ရောက်ကြပါသည်။ အဆိုပါအစည်းအဝေးအစီရင်ခံစာတွင် အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(၁) ကော်မတီသည် စစ်ကိုင်းတိုင်းဒေသကြီး၊ သစ်တောနှင့်သတ္တုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်း ဦးဆောင်ညွှန်ကြားရေးမှူးတို့နှင့် အတူ တိုင်ပင်လျှက် ကုမ္ပဏီနှစ်ခုစလုံး အကျိုးရှိစေမည့် ရွှေပါသော မြေပေါ်မူတည်၍ ညီမျှစွာ ထက်ဝက်စီခွဲဝေလျှောက်ထားရန် အကြံပြုခဲ့ပါသည်။

(၂) ထိုသဘောတူညီချက်အတိုင်း အမှတ်(၂)သတ္တုတွင်းဦးစီးဌာနနှင့်တိုင်းဒေသကြီးတို့မှ ကူညီပံ့ပိုးပေးနိုင်ပါရန် အကြံပြုအပ်ပါသည်။

အဆိုပါ အစည်းအဝေးအစီရင်ခံစာအား ၈-၁၁-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံသို့ တင်ပြခဲ့ပါသည်။

၂၀။ ပထမအကြိမ်၊ နဝမပုံမှန်အစည်းအဝေးတွင် ကော်မတီသည် အောက်ပါ အစည်းအဝေး(၁)ကြိမ် ပြုလုပ်ခဲ့ပါသည်-

(က) ၂၃-၁-၂၀၁၄ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၁၀)ဦးတက်ရောက်ပြီး အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ သစ်တောနှင့်သတ္တုဝန်ကြီး၊ (ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်)တို့မှ ကိုယ်စားလှယ်များ၊ ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ကချင်ပြည်နယ်၊ ရွှေလုပ်ငန်းရှင်(၂၇)ဦး၏ တိုင်ကြားစာနှင့် ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရွှေလုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီများအား ရွှေပေးသွင်းရန်တာဝန်မကျေခြင်း၊ ပျက်ကွက်ခြင်းနှင့် စာချုပ်ပါ စည်းကမ်းဖောက်ဖျက်ခြင်းတို့အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြီး သက်ဆိုင်ရာတရားရုံးများတွင် အမှုဖွင့်အရေးယူမည်ဖြစ်ကြောင်း ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးအစီအရင်ခံစာတွင် သတ္တုတွင်းဝန်ကြီး

ဌာနအနေဖြင့် စာရင်းစစ်ကန့်ကွက်ချက်အရ တွက်ချက်၍ ငွေများ ဆက်လက်တောင်းခံနေခြင်းဖြစ်ကြောင်း၊ ဆွေးနွေးတင်ပြခဲ့ပါသဖြင့် ယင်းလျှော့နည်း ပေးသွင်းငွေ (သို့) ငွေကြွေးကျန်များကို ဖြေလျှော့ပေးနိုင်ရေးကို လွှတ်တော်သို့တင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ်ယူဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုပါ အစည်းအဝေး အစီရင်ခံစာအား ၄-၂-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ပါသည်။

၂၁။ ပထမကြိမ်၊ ဒသမပုံမှန်အစည်းအဝေးတွင် ကော်မတီသည် အောက်ပါအစည်းအဝေး (၅)ကြိမ် ပြုလုပ်ခဲ့ပါသည်-

(က) ကော်မတီမှ မြန်မာ့သတ္တုတွင်းဥပဒေနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေတို့အား ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကြိုတင်ညှိနှိုင်းအစည်းအဝေး (၄)ကြိမ် ပြုလုပ်ခဲ့ပါသည်။

(ခ) ၅-၆-၂၀၁၄ရက်နေ့၊ကော်မတီအဖွဲ့ဝင်(၁၁)ဦးတက်ရောက်ပြီး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းမှ ကုမ္ပဏီ(၈)ခု တက်ရောက်ကြပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၂၂။ ပထမအကြိမ်၊ (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကော်မတီသည် အောက်ပါ အစည်းအဝေး (၄)ကြိမ်ပြုလုပ်ခဲ့ပါသည်-

(က) ၁-၁၀-၂၀၁၄ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၉)ဦးတက်ရောက်ပြီး အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး၊ အင်ဂျင်နီယာမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သစ်တောနှင့်သတ္တုဝန်ကြီး၊ ကန္တာရစိမ်းကုမ္ပဏီမှ ဒါရိုက်တာ၊ အထွေထွေမန်နေဂျာတို့တက်ရောက်ကြပြီး တိုင်ကြားသူ ကန္တာရစိမ်းကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးဘိုရိန်းမှ ရမည်းသင်းမြို့နယ်အတွင်း အသေးစား ရွှေလုပ်ကွက်များ သက်တမ်းတိုးခြင်း၊ အခြားရွှေလုပ်ကွက်အသစ်များ လျှောက်ထားခြင်းနှင့် ပတ်သက်၍ အသေးစား၊ အကြီးစားရွှေလုပ်ကွက်များ ကန့်ကွက်မှုများကြောင့် အသေးစား ရွှေလုပ်ကွက်အများစုမှာ အခက်အခဲ အမျိုးမျိုးကြုံတွေ့ရကြောင်း၊ သက်တမ်းတိုးခြင်းအား လုံးဝရပ်ဆိုင်းခြင်းခံရကြောင်း တင်ပြလာခြင်းအပေါ် တွေ့ဆုံညှိနှိုင်းခြင်း အစည်းအဝေးပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးအစီရင်ခံစာတွင် အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(၁) အကြီးစားလုပ်ကွက်ဘေးတွင် အသေးစားထုတ်လုပ်သူကို နေရာချထားမပေးရဆိုသည့်ဥပဒေမရှိ၍ လျှောက်ထားသူ မည်သူကိုမဆို လုပ်ထုံးနှင့်ညီက နေရာချထားပေးသင့်သည်။

(၂) နယ်နိမိတ်ထိစပ်နေသော ကုမ္ပဏီနှစ်ခုနှင့် ဝန်ကြီးဌာန တာဝန်ရှိသူတို့သည် နယ်ခြားရှိ မြေပေါ်မြေအောက် ပူးတွဲစစ်ဆေးခြင်းကို ပုံမှန်ဆောင်ရွက်၍

စည်းကမ်းဖောက်ဖျက်မှုတွေ့ရှိက ထိရောက်စွာအရေးယူသော စနစ်မျိုးထား ရှိသင့်ပါသည်။

(၃) မိုးထိမိုးမိဒေသပြဿနာမှာ ရှုပ်ထွေးများပြားမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် အကြီးစားထုတ်လုပ်သူများအနီး၌ အသေးစားထုတ်လုပ်သူများ လုပ်ကွက်ချ ထားပေးခြင်းမပြုကြောင်း ပေါ်လစီမူဝါဒကို ပြန်လည်သုံး သပ်သင့်ပါသည်။

အစည်းအဝေးမှတ်တမ်းအား ၁၃-၁၀-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ထံသို့ တင်ပြခဲ့ပါသည်။

(ခ) ၂၁-၁၀-၂၀၁၄ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၆)ဦးတက်ရောက်ပြီး အမှတ်(၂) သတ္တု တွင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး၊ အင်ဂျင်နီယာမှူး၊ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ သစ်တောနှင့် သတ္တုဝန်ကြီး၊ ကျော်နိုင်ဦး ကျောက်မျက်ကုမ္ပဏီနှင့် ရွှေမြိုင်ရတနာသတ္တုတူးဖော်ရေးကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ပြီး ကျော်နိုင်ဦးကျောက်မျက်ကုမ္ပဏီက မူလမြေရှင် ဦးလှအောင်ထံမှ ကျပ်သိန်း(၂၀၀)ဖြင့် ဝယ်ယူခဲ့သည့် မြေဧက(၃၀)အပေါ်တွင် လုပ်ကွက်မရရှိဘဲ ၎င်းမြေပေါ်တွင် အခြားကုမ္ပဏီ(၂)ခုအား ချထားပေးမှုအပေါ် တရားမျှတမှုမရှိပါ၍ စစ်ဆေးပေးနိုင်ပါရန် တိုင်ကြားလာခြင်းအပေါ် အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးအစီရင်ခံစာတွင် အောက်ပါအတိုင်းအကြံပြုခဲ့ ပါသည်-

(၁) ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဆယ်စင်း/နန့်ပုတ်ဒေသအား သတ္တုတွင်း ဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ တရားဥပဒေစိုးမိုးသော ရွှေသတ္တုလုပ်ကွက်ကြီးအဖြစ် ကွင်းဆင်းလေ့လာသတ်မှတ်၍ တရားမဝင် ရွှေထုတ်လုပ်နေသူများအား တရားဝင်အခွန်ဆောင် လုပ်ကွက်များအဖြစ် ဥပဒေဘောင်အတွင်း သွတ်သွင်းနိုင်ရန် ရဲ/တပ်မတော်တို့ လုံခြုံရေး အကူ အညီရယူ၍ စီမံချက်တစ်ရပ်အဖြစ် မှတ်ယူကာ ကချင်ပြည်နယ်အစိုးရနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။

(၂) ကျောက်မျက်တူးဖော်မည်ဟု လိမ်လည်လျှောက်ထား လုပ်ကွက်ရယူ၍ ရွှေ အကြီးအကျယ် တူးဖော်ထုတ်လုပ်နေပြီး သတ်မှတ်ရွှေမသွင်းဘဲ ဈေးပေါသော ကျောက်များ ဝယ်ယူပေးသွင်းနေသော ကုမ္ပဏီများသိသိကြီးနှင့်မသိကျိုးကျွန် မပြုဘဲ ဖော်ထုတ်၍ အရေးယူဆောင်ရွက်သင့် ပါသည်။

အစည်းအဝေးအစီရင်ခံစာအား ၂၇-၁၀-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံသို့ တင်ပြခဲ့ပါသည်။

(ဂ) ၂၇-၁၀-၂၀၁၄ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၉)ဦးတက်ရောက် ပြီး မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြား

ရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူး၊ ကျော်နိုင်ဦးကျောက်မျက်ကုမ္ပဏီနှင့် ရွှေမြိုင်ရတနာသတ္တုတူးဖော်ရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများအား ဒုတိယအကြိမ် ထပ်မံခေါ်ယူတွေ့ဆုံ၍ မြေစာရင်းပုံစံ အမှန်အားသိရှိလို၍ ကချင်ပြည်နယ်၊ မြို့နယ် မြေစာရင်းမှူးအားခေါ်၍ မေးမြန်းပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

(ဃ) ၃၁-၁၀-၂၀၁၄ရက်နေ့ ကော်မတီအဖွဲ့ဝင်(၉)ဦးတက်ရောက် ပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်မန်နေဂျာ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊မြို့နယ်မြေစာရင်းဦးစီး ဌာနမှ လက်ထောက်ဦးစီးမှူး၊ ကျော်နိုင်ဦးကျောက်မျက်ကုမ္ပဏီနှင့် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ပြီး ဥပဒေနှစ်ခုလုံးသည် အသက်ဝင်နေသဖြင့် ဧက(၃၀)ကို (၁၅)ဧကစီ မျှဝေချထား ပေးသင့်သည်ဟု အစည်းအဝေးအစီရင်ခံစာတွင် အကြံပြုခဲ့ပါသည်-

(၁) အချင်းဖြစ်မြေဧက(၃၀) သည် ဦးလှအောင်မှ ၂၀၀၇ ခုနှစ်တွင် တရားဝင်အမည်ပေါက် အမှန်တစ်ကယ် ခိုင်မာစွာ ပိုင်ဆိုင်ခဲ့ပြီး ဦးကျော်မြင့်သို့ ၂၀၁၁ ခုနှစ်၌ ရောင်းချခဲ့ရာတွင်လည်း မြေစာရင်းမှ အမည်ပြောင်း ခွင့်ပြုချက်ပုံစံ (၁၀၅၊၁၀၆) ထုတ်ပေးခဲ့၍ မူလပိုင်ရှင်အဖြစ် မှတ်ယူရ မည်ဖြစ်ပါသည်။

(၂) ၂၀၀၈ ခုနှစ်တွင် ၎င်းနေရာ၌ လုပ်ကွက်ချထားစဉ် မြေစာရင်းနှင့် ကွင်းဆင်းတိုင်းတာရေးအဖွဲ့များ၏ အားနည်းချက်ကြောင့် မူလပိုင်ရှင် မရှိဟုဖော်ပြခဲ့သဖြင့် မူလပိုင်ရှင်နစ်နာမှုရှိခဲ့သည်ဟု သုံးသပ်ရရှိပါသည်။

(၃) သို့သော် ဝန်ကြီးဌာနအနေဖြင့် မြေစာရင်းမှ မူလပိုင်ရှင်မရှိကြောင်း ထောက်ခံချက်အရ ရတနာမိုးမြေသို့ လုပ်ကွက်ချပေးခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ချေ။

(၄) လုပ်ကွက်ချထားခြင်းအား ပြန်လည်စိစစ်၍ မူလပိုင်ရှင် ကျော်နိုင်ဦး ကုမ္ပဏီနှင့် လုပ်ကွက်ရသူ ရတနာမိုးမြေကုမ္ပဏီတို့ ဧက(၃၀) အား (၁၅) ဧကစီ မျှဝေချထားပေးသင့်သည်။

၁၂-၁၁-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာတင်ပြခဲ့ရာ ဥက္ကဋ္ဌ၏မှတ်ချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၁၈-၁၁-၂၀၁၄ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၂၃။ ပထမအကြိမ် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကော်မတီသည် အောက်ပါ အစည်းအဝေး (၈)ကြိမ်ပြုလုပ်ခဲ့ပါသည်-

(က) ၂၁-၁-၂၀၁၅ ရက်နေ့ ကော်မတီအဖွဲ့ဝင်(၁၀) ဦးတက်ရောက်ပြီး ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၅)မှ ကော်မတီအဖွဲ့ဝင် ဦးစိုင်းတင်အောင်အား ကချင်ပြည်နယ်၊ ဖားကန့်ဒေသရှိ ဒေသခံများနှင့်တွေ့ဆုံ၍ သတ္တု၊ ကျောက်မျက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲပြုလုပ်ရန် တာဝန်ပေးခြင်းအတွက် ညှိနှိုင်းဆွေးနွေးပါသည်။

အဆိုပါ ကွင်းဆင်းခရီးစဉ် အစီအရင်ခံစာ (စာအုပ်) ၂ အုပ်အား ၂၇-၁-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ပါသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ သိရှိသုံးသပ်နိုင်ပါရန် သဝဏ်လွှာအား ကော်မတီခရီးစဉ် အစီရင်ခံစာနှင့်အတူ ၂၃-၂-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

(ခ) ၁၇-၃-၂၀၁၅ ရက်နေ့၊ကော်မတီအဖွဲ့ဝင်(၉)ဦးတက်ရောက်ပြီးကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှပေးပို့လာသည့် အကြံပြုစာနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲပြုလုပ်ခဲ့ခြင်းအား မှတ်တမ်းတင် MRTV-4ရိုက်ကူးခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင်-

(၁) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ကော်မတီသို့ ပေးပို့တင်ပြလာသော အကြံပြုစာနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်ရန်နှင့်ကျောက်မျက်ရတနာ အခွန်အကောက်ဆိုင်ရာကိစ္စအား လွှတ်တော်တွင် အခွန်ရာခိုင်နှုန်းများ ဆွေးနွေးတင်ပြနိုင်ရန်။

(၂) လွှတ်တော်တွင် ဆွေးနွေးဆဲဖြစ်သော ကျောက်မျက်ရတနာဥပဒေနှင့် ပတ်သက်၍ ဥပဒေအတည်ပြုနိုင်ရေးကို ကော်မတီဝင်များ ဆွေးနွေးတင်ပြနိုင်ရန်။

(၃) အခြေခံလူတန်းစားများအတွက် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအား ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် တင်ပြနိုင်ရန်ဆွေးနွေးခဲ့ပါသည်။

(ဂ) ကော်မတီသည် သတ္တုတွင်းဥပဒေနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၄) ကြိမ် ပြုလုပ်ခဲ့ပါသည်။

(ဃ) ၁၅-၆-၂၀၁၅ရက်နေ့၊ ကော်မတီအဖွဲ့ဝင် (၅)ဦး တက်ရောက်ကြပြီး ကချင်ပြည်နယ်၊ ဖားကန့်ဒေသမှ ဦးထိန်နူးလ၊ဦးစဖော်ဖန်းအောင်တို့၏ မြေဧက(၅၀)အပေါ်တွင် ကောင်းမွန်ရတနာကုမ္ပဏီမှ ဦးကျော်ဌေး လာရောက်လုပ်ကိုင်ကြောင်း တိုင်ကြားလာခြင်းအပေါ် ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါသည်။

(င) ၆-၇-၂၀၁၅ ရက်နေ့၊ ကော်မတီအဖွဲ့ဝင်(၁၀) ဦးတက်ရောက်ကြပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာန၊ တိုင်ကြားသူ ဦးထိန်နူးလနှင့် ဦးစဘော်ဖန်းအောင်၊ ဦးဘရန်ရှောင်နှင့် ဆုထူးပန်ကုမ္ပဏီနှင့် ကောင်းမွန်ရတနာကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးကျော်ဌေးတို့တက်ရောက်ကြပြီး ကုမ္ပဏီပိုင်ရှင်နှင့် မူလမြေပိုင်ရှင်တို့ နှစ်ဦးနှစ်ဖက်နစ်နာမှုကိစ္စအားထောက်ပံ့ပေးခြင်း အစီအစဉ်အား ကော်မတီနှင့် ဌာနဆိုင်ရာအကြီးအကဲများရှေ့၌ အသီးသီးဝန်ခံကတိပြု၍ သဘောတူညီကျေနပ်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေး အစီရင်ခံစာအား ၈-၇-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ကုမ္ပဏီပိုင်ရှင်နှင့် မူလမြေ

ပိုင်ရှင်တို့သည် နှစ်ဦး နှစ်ဖက် နစ်နာမှုကိစ္စအား ထောက်ပံ့ပေးခြင်းအစီအစဉ်အား ကော်မတီနှင့်ဌာနဆိုင်ရာ အကြီးအကဲများရှေ့၌ အသီးသီးဝန်ခံကြပြီး သဘောတူ ကျေနပ်ခဲ့ကြပါသည်။ နောက်ဆုံးအခြေအနေမှာ သတ္တုတွင်းဝန်ကြီးဌာန၏ ကျောက် မျက်ရတနာကြီးကြပ်ရေး လုပ်ငန်းကော်မတီ၏ ကွင်းဆင်းစစ်ဆေးရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းကြောင့် အုပ်ချုပ်မှုအာဏာပိုင် အစိုးရအဖွဲ့ဝန်ကြီးဌာန၏ ဆောင်ရွက် ချက်ကိုသာ လေ့လာစောင့်ကြည့် သွားမည်ဖြစ်ပါသည်။

၂၄။ ပထမအကြိမ်၊ ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကော်မတီသည် အောက်ပါ အစည်းအဝေး (၁)ကြိမ်ပြုလုပ်ခဲ့ပါသည်-

(က) ၁၈-၁၁-၂၀၁၅ ရက်နေ့ ကော်မတီဝင်(၁၀)ဦး တက်ရောက်ကြပြီး မြန်မာ့ကျောက်မျက် ရတနာဥပဒေကြမ်းနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြ ပါသည်။

ကော်မတီနှင့် နိုင်ငံတကာအဖွဲ့အစည်းများ Call တွေ့ဆုံမှု(၈)ကြိမ် ရှိခဲ့ပါတယ်။

(က) ၂၁-၂-၂၀၁၃ ရက်နေ့မှာ၊ အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ စွမ်းအင်အထူး သံတမန် နှင့် ညှိနှိုင်းရေးမှူး သံအမတ်ကြီး H.E. Mr. Carlos Pascual ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း ဂါရဝပြု တွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာ တွင် ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ကော်မတီကို ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထား၍ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် ပံ့ပိုးဆောင်ရွက် နေမှုများ မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြားစွမ်းအင်နှင့် သတ္တုသယံဇာတ ကဏ္ဍ များတွင် နည်းပညာနှင့်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။

(ခ) ၇-၃-၂၀၁၃ရက်နေ့မှာ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ International Attorney-Advisor Mr. Joe Yang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာ၌ ကုန်းတွင်း ပိုင်း ရေနံနှင့်သဘာဝဓါတ်ငွေ့နှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက် လိုကြောင်း၊ အကောင်းဆုံး ကုမ္ပဏီများလာရောက်စေရန်နှင့် ဘဏ်များလာရောက်ဖွင့် လှစ်နိုင်ရန်၊ ကုန်းတွင်းပိုင်းရေနံနှင့် ပတ်သက်၍ ပြည်သူများ ပိုမိုသိရှိစေရန်၊ မိမိတို့ နိုင်ငံအား အကူအညီပေးရန် ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ MOGE နှင့် ပူးပေါင်း၍ တွေ့ရှိရ မည့် အကူအညီနှင့် ထုတ်လုပ်မှုများကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရေနံ သဘာဝ ဓာတ်ငွေ့တွင် တရားဥပဒေပိုင်းဆိုင်ရာနှင့် Production လုပ်ခြင်းသည် ကောင်းမွန်၍ အဆိုပါ ပညာရပ်သည် အရေးကြီးဆုံးဖြစ်ပါကြောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးပါသည်။

(ဂ) ၁၅-၃-၂၀၁၃ ရက်နေ့မှာ၊ နော်ဝေနိုင်ငံမှ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် Ms.Villa Kulild ဦးဆောင်သော ကိုယ်စားလှယ်

အဖွဲ့နှင့် လည်းကောင်း ဂါရဝပြုတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာ-နော်ဝေ နှစ်နိုင်ငံအကြား စွမ်းအင်နှင့်သတ္တုသယံဇာတကဏ္ဍများတွင် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ၎င်းတို့၏ သဘာဝ အရင်းအမြစ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာအတွေ့အကြုံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ Capacity Building မြှင့်တင်ရန် လိုအပ်သည့်အချက်များ မြန်မာနိုင်ငံသည် နော်ဝေနိုင်ငံကဲ့သို့ သဘာဝအရင်းအမြစ် ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ အနာဂတ်တွင် မြန်မာ-နော်ဝေ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ရေအားလျှပ်စစ် ကဏ္ဍများတွင် ပိုမိုချစ်ကြည်စွာ လက်တွဲ ပူးပေါင်းနိုင်ရေးတို့နှင့် Europe မှ စီးပွားရေးပိတ်ဆို့ထားမှု လုံးဝပြေလျော့ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးပါသည်။

(ဃ) ၁၅-၃-၂၀၁၃ ရက်နေ့မှာ၊ ဩစတြေးလျနိုင်ငံမှ သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အကြံပေး ဥက္ကဋ္ဌ Mr. Sebastiano Randazzo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း ဂါရဝပြုတွေ့ဆုံခဲ့ ပါသည်။ ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် ပံ့ပိုးဆောင်ရွက်နေမှုများ၊ မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံကြား သတ္တုသယံဇာတကဏ္ဍများတွင် နည်းပညာနှင့်ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ မြန်မာနိုင်ငံ၏ သတ္တုသယံဇာတဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂါတ်တွင် မြန်မာ-ဩစတြေးလျသတ္တုကဏ္ဍများနှင့် လျှပ်စစ်ကဏ္ဍများတွင် ပိုမိုချစ်ကြည်စွာ လက်တွဲပူးပေါင်းနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးပါသည်။

(င) ၂၉-၅-၂၀၁၃ ရက်နေ့မှာ၊ နော်ဝေနိုင်ငံ Norwegian Agency for Development Cooperation (Norad) ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း ဂါရဝပြုတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လောင်စာ သယံဇာတများ စီမံခန့်ခွဲရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ထိန်းသိမ်းရေးနည်းလမ်းများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူမှုအကျိုးစီးပွားတိုးတက်ရေးနှင့်စပ်လျဉ်း၍ အနာဂါတ်တွင် မြန်မာ-နော်ဝေ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊ သတ္တုနှင့်သယံဇာတများတွင် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည့်ကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုကဏ္ဍ၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍနှင့် ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကဏ္ဍများတွင် ပိုမိုချစ်ကြည်စွာ လက်တွဲပူးပေါင်းနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးပါသည်။

(စ) ၆-၂-၂၀၁၄ ရက်နေ့၊ Australia နိုင်ငံ Australia-Myanmar Chamber of Commerce အဖွဲ့နှင့်လည်းကောင်း၊ မြန်မာ နိုင်ငံတွင် ဩစတြေးလျနိုင်ငံ ကုမ္ပဏီများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် အစည်းအဝေးပြုလုပ်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ကော်မတီလုပ်ငန်းတာဝန်များ

မြန်မာနိုင်ငံတွင် ဩစတြေးလျနိုင်ငံ ကုမ္ပဏီများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ကော်မတီက သတ္တုနှင့်သယံဇာတရေးရာ ကိစ္စရပ်များတွင် ဥပဒေပြု ဆောင်ရွက်နေမှုများ၊ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းကိစ္စရပ်များ၊ ဩစတြေလျနိုင်ငံမှ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော် ထုတ်လုပ်ခြင်းဆိုင်ရာ အတွေ့အကြုံများဖလှယ်ခြင်း၊ ဩစတြေးလျ-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍမြှင့်တင်ခြင်း၊ ဩစတြေးလျကုမ္ပဏီများမှ မြန်မာနိုင်ငံပုဂ္ဂလိက အခန်းကဏ္ဍတွင် ဝင်ရောက်၍ ဈေးကွက်ရှာဖွေခြင်း၊ အကြံပြုညှိနှိုင်းမှုများ၊ သတ္တုတွင်းဝန်ကြီးဌာန၏ တည်ဆဲဥပဒေ ပြင်ဆင်ရေးဆွဲလျက်ရှိသည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေး မှတ်တမ်းအား ၁၁-၂-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံသို့ တင်ပြခဲ့ပါသည်။

(ဆ) ၁၁-၂-၂၀၁၄ ရက်နေ့မှာ၊ အမေရိကန်နိုင်ငံ ဒုတိယအကြီးတန်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Robert Cekuta နှင့်အဖွဲ့နှင့်လည်းကောင်း၊ နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး၊ EITI လုပ်ငန်းစဉ်များတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေးပြုလုပ်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ Extractive Industries Transparency Initiative (EITI) ကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ (EITI) လုပ်ငန်းစဉ်များအနေဖြင့် မြန်မာနိုင်ငံသားများအပေါ် တိုက်ရိုက်အကျိုးပြု ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်များ၊ (EITI) လုပ်ငန်းစဉ်များတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးများ၊ မြန်မာနိုင်ငံတွင် (EITI) စပ်လျဉ်း၍ အခြေခံကျပြီး ပြည်သူကို အခြေပြုသော ဥပဒေဖြစ်ပေါ်လာစေရေး၊ (EITI)လုပ်ငန်းများ ပြည်သူများထံ ပိုမိုထိရောက်စွာ ရောက်ရှိပြီး သိရှိနားလည်စေရန် အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစည်းအဝေးမှတ်တမ်းအား ၂၄-၂-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ပါသည်။

(ဇ) ၂၅-၂-၂၀၁၄ ရက်နေ့၊ အမေရိကန်သံရုံးမှ Political/ Economic Officer Christopher Mohrman ဦးဆောင်သော အဖွဲ့နှင့် လာရောက်တွေ့ဆုံပြီး ကော်မတီက ကျောက်မျက်ရတနာကုန်သွယ်ခြင်း၊ ဈေးကွက်လိုအပ်ချက်၊ အသစ်ရေးဆွဲလျက်ရှိသော မြန်မာ့သတ္တုတွင်းဥပဒေကြမ်း ဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်းသည့် အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ကော်မတီက ကျောက်မျက်ရတနာကုန်သွယ်ခြင်း၊ ဈေးကွက်လိုအပ်ချက်၊ အသစ်ရေးဆွဲလျက်ရှိသော မြန်မာ့

သတ္တုတွင်း ဥပဒေကြမ်းဆောင်ရွက်မှု အခြေအနေ၊ သတ္တုကဏ္ဍ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်လျှက်ရှိသည့်ကိစ္စများ (EITI)ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ဖော်ဆောင်နေမှုများ၊ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် Sanction ဖြေလျှော့ပေးရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးမှတ်တမ်းအား ၂၇-၂-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံသို့ တင်ပြခဲ့ပါသည်။

ကော်မတီရဲ့ အထူးခြားဆုံး လုပ်ဆောင်ချက်အဖြစ် ကော်မတီမှ အမျိုးသား လွှတ်တော်ရုံးသို့ ၈-၁၀-၂၀၁၃ ရက်နေ့မှာ ဥပဒေကြမ်း(၂)ခု တင်သွင်းနိုင်ခဲ့ပါတယ်။ လွှတ်တော် နှစ်ရပ်စလုံးမှာ ရှိတဲ့ ကော်မတီ၊ ကော်မရှင် အသီးသီးများအနက် နိုင်ငံအတွက် အရေးပါတဲ့ ဥပဒေနှစ်ရပ်ကို ပြဋ္ဌာန်းတင်ပြနိုင်ခဲ့သော တစ်ခုတည်းသော ကော်မတီအဖြစ် ရပ်တည်ပါကြောင်း ဂုဏ်ယူဝင့်ကြွားစွာ တင်ပြအပ်ပါတယ်။ ဒါတွေကတော့-

(၁) မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂) မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ပဲ ဖြစ်ပါတယ်။

ကော်မတီအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဖိတ်ခေါ်သော အစည်းအဝေးများမှာ ရှေးယခင်ကတည်းကပင် တည်ရှိပြီးဖြစ်နေသော ရွာ၊ ဘုရားစေတီ၊ သုသာန်၊ လယ်ယာဥယျာဉ်ခြံမြေများကို ကြိုးဝိုင်းအဖြစ် သတ်မှတ်ထားခဲ့ခြင်းတွေကို ကောက်နုတ် ပယ်ဖျက်ပေးဖို့ ဆွေးနွေးကြိုးပမ်းအတည်ပြု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကော်မတီ၏ အစီရင်ခံစာများ အနေဖြင့် ကော်မတီသို့ ဒေသခံပြည်သူများမှ တိုင်ကြားလာသည့် သတ္တုနယ်မြေအငြင်းပွားခြင်း၊ လုပ်ကွက်ထပ်နေခြင်း၊ ရွှေပေးသွင်းလျော့နည်းခြင်း၊ တရားမဝင် ရွှေတူးဖော်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးနေခြင်းနှင့် စပ်လျဉ်း၍ ခေါ်ယူတွေ့ဆုံညှိနှိုင်းမှုများ အစည်းအဝေးအစီရင်ခံစာ(၁၂)ကြိမ်၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသတို့ကို ကွင်းဆင်းလေ့လာရေး အစီရင်ခံစာ (၁)ကြိမ်၊ ကော်မတီအစီရင်ခံစာ (၁)ကြိမ် စသည်ဖြင့် တင်ပြနိုင်ခဲ့ပါတယ်။

ပြည်ပခရီးစဉ်အနေနဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရရဲ့ ဖိတ်ကြားချက်အရ နန်နင်းမြို့မှာ ကျင်းပတဲ့ Fifth ASEAN-China Mining Cooperation Forum and Exhibition-2014 သို့ ကျောက်မျက်ရတနာပြပွဲမှာ ဦးနေဝင်းထွန်း၊ ဦးလှဆွေ၊ ဦးထွန်းဇော် တို့ သွားရောက်ခဲ့ပါတယ်။

နိဂုံးချုပ်အားဖြင့် သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၄၇(ဂ)နှင့်အညီ ဖွဲ့စည်းထားပြီး လွှတ်တော်၏ လုပ်ငန်းစဉ်ဖြစ်သော ဥပဒေပြုခြင်း၊ အစိုးရ၏ လုပ်ငန်းဆောင်တာများအား ကြီးကြပ်စောင့်ကြည့်ခြင်းနှင့် သက်ဆိုင်သော သတ္တုတွင်းဝန်ကြီးဌာန၏ ဘတ်ဂျက်စိစစ်ခြင်းလုပ်ငန်းများကို လွှတ်တော်၏ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခြေခံပြည်သူတို့၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန် အဓိကကျသော သတ္တုတွင်းဥပဒေကြမ်းနှင့် ကျောက်မျက်ရတနာဥပဒေကြမ်းတို့ကို ပြင်ဆင်ရေးဆွဲနိုင်ခဲ့ခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်သော သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များကို

ပိုမိုကောင်းမွန်လာစေရန်အတွက် ထိန်းကျောင်းပြုမူနိုင်ခဲ့ခြင်းတို့ဟာ ကော်မတီရဲ့ထင်ရှားတဲ့ အောင်မြင်မှုများသာ ဖြစ်ပါတယ်။ လာမည့်သက်တမ်း၌ သတ္တုတွင်းဝန်ကြီးဌာနအပြင် စွမ်းအင်ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ကိုပါ ထဲထဲဝင်ဝင် စောင့်ကြည့်ထိန်းကျောင်းပေးသင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါ တယ်ခင်ဗျား။

သတ္တုသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ

**အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် သတ္တုယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးခင်မောင်ရီ(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ အနေနှင့် အစီရင်ခံစာရဲ့ ပထမပိုင်းကို ဖတ်ကြားမှာ ဖြစ်ပြီးတော့ ဒုတိယပိုင်းကို အတွင်းရေးမှူးက ဆက်လက်ဖတ်ကြားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**ပထမအကြိမ် (၅)နှစ်သက်တမ်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ / ၂၀၁၆ - ၃၀
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

**နိဒါန်း**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)အရ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ

ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဟူသော ပြဋ္ဌာန်းချက်နှင့် အညီ လွှတ်တော်များသည် ဥပဒေပြုရေးလုပ်ငန်းတာဝန်သာမက အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးပိုင်းတို့မှ တာဝန်ရှိအဖွဲ့အစည်းများကိုလည်း ဥပဒေအရ အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်ခွင့် အာဏာအပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းဖြစ်ပါသည်။ အမျိုးသားလွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်း အဆင့်ဆင့်တွင် ဥပဒေကြမ်းကော်မတီမှ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဥပဒေတင်သွင်းသည့်အဆင့်မှစတင်၍ လွှတ်တော်ကအတည်ပြုသည်အထိ စ၊ လယ်၊ ဆုံး ပါဝင် ဆောင်ရွက်ပေးခဲ့ရပါသည်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဖွဲ့စည်းခဲ့မှု အခြေအနေ**

၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် ကာလအတွင်း အောက်ပါအတိုင်း(၅)ကြိမ် ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည် -

(က) ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလအတွင်း(၁-၃-၂၀၁၁) ရက်နေ့တွင် ဥက္ကဋ္ဌ ဦးမြညိမ်း၊ အတွင်းရေးမှူး ဦးစံထွန်း အပါအဝင် စုစုပေါင်း (၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

(ခ) ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကာလအတွင်း (၂၆-၁-၂၀၁၂) ရက်နေ့တွင် ဥက္ကဋ္ဌ ဦးမြညိမ်း၊ အတွင်းရေးမှူး ဦးစံထွန်း အပါအဝင် အဖွဲ့ဝင် စုစုပေါင်း (၁၅)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

(ဂ) ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး ကာလအတွင်း (၁-၉-၂၀၁၂) ရက်နေ့တွင် ဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ အတွင်းရေးမှူး ဦးစံထွန်း အပါအဝင် အဖွဲ့ဝင် စုစုပေါင်း (၁၅)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

(ဃ) ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကာလအတွင်း (၂၄-၇-၂၀၁၃)ရက်နေ့တွင် ဥက္ကဋ္ဌဦးဇော်မြင့်ဖေ၊ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး အပါအဝင် အဖွဲ့ဝင်စုစုပေါင်း (၁၅)ဦးဖြင့် ပြင်ဆင် ဖွဲ့စည်းခဲ့ သည်။

(င) ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ကာလအတွင်း (၁၈-၇-၂၀၁၄)ရက်နေ့တွင်ဥက္ကဋ္ဌဦးခင်မောင်ရီ၊ အတွင်းရေးမှူးဒေါက်တာမြတ်ဉာဏစိုး အပါအဝင် အဖွဲ့ဝင် စုစုပေါင်း(၁၅)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပြီးတော့ လွှတ်တော်သက်တမ်းကုန်ဆုံးသည်အထိ တာဝန်ထမ်းဆောင် လျက်ရှိပါတယ်။

(စ) ပထမအကြိမ် အမျိုးသားလွှတ်တော် ကာလအတွင်း ဥပဒေကြမ်း ကော်မတီဝင် အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးဆွန်ဒုတ်ကျင့်၊ ဦးမန်းအောင်တင်မြင့်၊ ဒေါ်နန်းနီနီအေး၊ ဒေါက်တာလှသိန်း၊ ဦးသန်းမြင့်၊ ဦးမြင့်ထွန်း၊ ဦးစိုးမြင့်၊ ဦးတင်ယု၊ ဦးဆိုင်ပေါင်းနပ်၊ ဦးခက်ထိန်နန်၊ ဦးကျော်ထွန်းအောင်၊ ဦးသိန်းဝင်း၊ ဦးမှတ်ကြီး၊ ဦးကျော်ကျော်၊ ဗိုလ်မှူးကြီးလှထွန်း၊ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ ဒေါ်နော်မေးရီယန်၊ ဦးတင်မြ၊ ဦးအောင်ကြည်ညွန့်၊ ဒေါက်တာညီညီထွန်း၊ ဦးဝင်းမောင်၊ ဦးစောမော်ထွန်း၊

ဦးအောင်ငြိမ်း၊ ဦးအောင်မြင့်သိန်း၊ ဦးစိုင်းမြမောင်၊ ဗိုလ်မှူးကြီး မောင်မောင်ထူး၊ ဦးစိုင်းတင်အောင်၊ ဦးမိုးမြင့်၊ ဦးမောင်အေးထွန်း၊ ဦးဟာရှိန်းဘွေ၊ ဦးဝင်းနိုင်ရှိန်၊ ဗိုလ်မှူးကြီးခင်စိုး၊ ဦးအောင်ချိုဦး၊ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး တို့ တာဝန် ထမ်းဆောင် ခဲ့ကြပါတယ်။

## ကြားနာတွေ့ဆုံသည့် အစည်းအဝေးများ ဆောင်ရွက်ခဲ့မှုအခြေအနေ

၃။ ပထမအကြိမ် အမျိုးသားလွှတ်တော်(၅)နှစ်တာ ကာလအတွင်း ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများအား ဖိတ်ကြား၍ အစည်းအဝေးပေါင်း(၃၉၈)ကြိမ်အား အောက်ပါအတိုင်း ပြုလုပ်ခဲ့ပါသည် -

(က) ပထမပုံမှန် အစည်းအဝေးကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကော်မရှင်အဖွဲ့ဝင်များဖြင့် အစည်းအဝေးပြုလုပ်ခဲ့ခြင်းမရှိပါ။

(ခ) ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစည်းအဝေး(၂၅)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အပါအဝင် အခြားကော်မတီများဖြင့် ပြုလုပ်သည့် အစည်းအဝေးပေါင်း(၁၀)ကြိမ်၊ စုစုပေါင်း (၃၅)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(ဂ) ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစည်းအဝေး(၁၀)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အပါအဝင် အခြားကော်မတီများဖြင့် ပြုလုပ်သည့် အစည်းအဝေး (၁၀)ကြိမ်၊ စုစုပေါင်း (၂၀)ကြိမ် ဆောင်ရွက် ခဲ့ပါသည်။

(ဃ) ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစည်းအဝေး(၂၀)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အပါအဝင် အခြားကော်မတီများဖြင့်ပြုလုပ်သည့် အစည်းအဝေး(၆)ကြိမ်၊ စုစုပေါင်း(၂၆)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(င) ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစည်းအဝေး(၅)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အပါအဝင် အခြားကော်မတီများဖြင့် ပြုလုပ်သည့် အစည်းအဝေး (၂)ကြိမ်၊ စုစုပေါင်း (၇)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(စ) ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှတာဝန်ရှိသူများနှင့် အစည်းအဝေး

(၅)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အပါအဝင် အခြားကော်မတီများဖြင့် ပြုလုပ်သည့်အစည်းအဝေး(၃)ကြိမ်၊ စုစုပေါင်း (၈)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(ဆ) ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ကာလအတွင်း အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ပြုလုပ်သည့် အစည်းအဝေး(၄)ကြိမ်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစည်းအဝေး(၂၀)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အပါအဝင် အခြားကော်မတီများဖြင့် ပြုလုပ်သည့် အစည်းအဝေး(၁၀)ကြိမ်၊ စုစုပေါင်း (၃၄)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(ဇ) ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစည်းအဝေး(၁၀)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အပါအဝင် အခြားကော်မတီများဖြင့် ပြုလုပ်သည့် အစည်းအဝေး(၁၀)ကြိမ်၊ စုစုပေါင်း (၂၀)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(ဈ) ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစည်းအဝေး(၂၅)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အပါအဝင် အခြားကော်မတီများဖြင့် ပြုလုပ်သည့် အစည်းအဝေးပေါင်း(၁၁)ကြိမ်၊ စုစုပေါင်း (၃၆)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(ည) ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ကာလအတွင်း အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ပြုလုပ်သည့် အစည်းအဝေး(၅)ကြိမ်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစည်းအဝေး(၃၃)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အပါအဝင် အခြားကော်မတီများဖြင့် ပြုလုပ်သည့် အစည်းအဝေး(၁၀)ကြိမ်၊ စုစုပေါင်း (၄၈)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(ဋ) ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစည်း အဝေး(၂၇)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အပါအဝင် အခြားကော်မတီများဖြင့် ပြုလုပ်သည့် အစည်းအဝေး(၃၀)ကြိမ်၊ စုစုပေါင်း (၅၇)ကြိမ် ဆောင်ရွက် ခဲ့ပါသည်။

(ဌ) ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစည်း အဝေးပေါင်း(၆၀)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်

အပါအဝင် အခြားကော်မတီများဖြင့် ပြုလုပ်သည့် အစည်းအဝေး(၂၀)ကြိမ်၊ စုစုပေါင်း (၈၀)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(ဍ) ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အစည်း အဝေး(၃)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အပါအဝင် အခြား ကော်မတီများဖြင့် ပြုလုပ်သည့် အစည်းအဝေး(၂၄)ကြိမ်၊ စုစုပေါင်း (၂၇)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

## ဥပဒေကြမ်းများ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှုအခြေအနေ

၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၅)နှစ်တာ ကာလအတွင်း ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် ဥပဒေကြမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကာလအတွင်း (၂၀၁၁)ခုနှစ်တွင် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးသည့် ဥပဒေကြမ်း (၈)ခု၊ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ဆွေးနွေးရန် ပေးပို့လာသည့် ဥပဒေ (၈)ခုအား ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကာလအတွင်း (၂၀၁၂)ခုနှစ်တွင် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးသည့် ဥပဒေကြမ်း (၂၈)ခု၊ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ဆွေးနွေးရန် ပေးပို့လာသည့် ဥပဒေကြမ်း (၁၁)ခုအား ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဂ) ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကာလအတွင်း (၂၀၁၃)ခုနှစ်တွင် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးသည့် ဥပဒေကြမ်း (၂၁)ခု၊ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ဆွေးနွေးရန် ပေးပို့လာသည့် ဥပဒေကြမ်း (၁၇)ခုအား ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

(ဃ) ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကာလအတွင်း (၂၀၁၄)ခုနှစ်တွင် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးသည့် ဥပဒေကြမ်း (၂၅)ခု၊ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ရန် ဆွေးနွေးလာသော ဥပဒေကြမ်း (၂၈)ခုတို့အား ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါတယ်။

(င) ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကာလအတွင်း (၂၀၁၅)ခုနှစ်တွင် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးသည့် ဥပဒေကြမ်း (၂၆)ခု၊ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ဆွေးနွေးရန် ပေးပို့လာသည့် ဥပဒေကြမ်း (၅၁)ခု၊ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့သည့် ဥပဒေကြမ်း (၅)ခုအား ဆွေးနွေးဆောင်ရွက်ခဲ့ပါတယ်။

(စ) သို့ဖြစ်ပါ၍ ပထမအကြိမ် အမျိုးသားလွှတ်တော် (၅)နှစ်တာ ကာလအတွင်း အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်းပေါင်း(၁၀၈)ခု၊ ပြည်သူ့

လွှတ်တော်တွင် စတင်၍ ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော ဥပဒေကြမ်းပေါင်း(၁၁၅)ခု၊ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့သည့် ဥပဒေကြမ်းပေါင်း(၅)ခုတို့အား ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ဥပဒေများ ပြဋ္ဌာန်းနိုင်ခဲ့မှု အခြေအနေ**

၅။ လွှတ်တော်သက်တမ်းစတင်သည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ် ယနေ့အထိ နှစ်အလိုက် ပြဋ္ဌာန်းနိုင်ခဲ့သော ဥပဒေ(၂၁၃)ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော ဥပဒေပေါင်း (၁၅)ခုဖြစ်ပါသည်။

(ခ) ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော ဥပဒေပေါင်း (၂၂)ခုဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေ(၂)ခု၊ စုစုပေါင်း (၂၄)ခုဖြစ်ပါသည်။

(ဂ) ၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော ဥပဒေပေါင်း (၃၆)ခုဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေ(၁)ခု၊ စုစုပေါင်း (၃၇)ခုဖြစ်ပါသည်။

(ဃ) ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော ဥပဒေပေါင်း (၅၂)ခုဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေ(၅)ခု၊ စုစုပေါင်း (၅၇)ခုဖြစ်ပါသည်။

(င) ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော ဥပဒေပေါင်း (၇၃)ခုဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေ(၁)ခု၊ စုစုပေါင်း (၇၄)ခုဖြစ်ပါသည်။

(စ) ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော ဥပဒေပေါင်း မှာ (၁၅-၁-၂၀၁၆)ရက်နေ့အထိ (၆)ခုဖြစ်ပါသည်။

(ဆ) သို့ဖြစ်ပါ၍ ပထမအကြိမ် လွှတ်တော်သက်တမ်း(၅)နှစ်တာကာလအတွင်း ဥပဒေများ ပြဋ္ဌာန်းနိုင်ခဲ့မှုအခြေအနေမှာ စုစုပေါင်း(၂၁၃)ခု ဖြစ်ပါသည်။

ကျန်အပိုင်းကို ကော်မတီအတွင်းရေးမှူးမှ ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းများ စိစစ်ခြင်းအပိုင်းကို တင်ပြပါမယ်။

**ဥပဒေကြမ်းများ စိစစ်ခြင်း**

၆။　　ပြည်ထောင်စုလွှတ်တော်ကနေ ပေးပို့လာတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများရဲ့ ဥပဒေကြမ်းတွေကို ဥပဒေကြမ်းကော်မတီသို့ စိစစ်ရန်ပေးပို့သည်နှင့် တစ်ပြိုင်နက်တည်းမှာ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပါသည်။ လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းတဲ့ ဥပဒေကြမ်းတွေကိုလည်း ကိုယ်စားလှယ်များထံ ဦးစွာဖြန့်ဝေပြီးတော့မှ လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူဆောင်ရွက်ခဲ့ပါတယ်။ ဆွေးနွေးရန် လက်ခံသည် ဆိုရင်တော့ နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းကြေညာပါတယ်။ ဥပဒေကြမ်းကော်မတီဟာ ဥပဒေကြမ်းတင်သွင်းတဲ့ အဖွဲ့အစည်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဆက်စပ်ဌာန အဖွဲ့အစည်းများအား ဖိတ်ကြားပြီးတော့ တွေ့ဆုံဆွေးနွေးစိစစ်ပါတယ်။ ပုံမှန်အားဖြင့် ဥပဒေကြမ်းတွေကို တစ်ပတ်အတွင်း အချိန်သတ်မှတ်ညှိနှိုင်း ဆွေးနွေးပြီးတော့ ပြည်သူများအတွက် အရေးတကြီးကျင့်သုံးရမည့် ဥပဒေဖြစ်လျှင်တော့ ချက်ချင်းအစည်းအဝေးခေါ်ယူ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ စနေ၊ တနင်္ဂနွေ ဒါမှမဟုတ်ရင်လည်း ညနေပိုင်းတွေမှာပါ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**ဥပဒေကြမ်းကော်မတီမှ စိစစ်ရာတွင် အခြေခံသည့်အချက်များ** ကို တင်ပြပါမယ်။

၇။　　ကော်မတီသည် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ခဲ့ပါသည်-

(က)　ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ/မရှိ ဖြစ်ပါတယ်။

(ခ)　နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ ဖြစ်ပါတယ်။

(ဂ)　နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ/မရှိ ဖြစ်ပါတယ်။

(ဃ)　နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များ ပါဝင် ခြင်း ရှိ/မရှိ ဖြစ်ပါတယ်။

(င)　နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိ ဖြစ်ပါတယ်။

(စ)　အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ/မရှိ ဖြစ်ပါတယ်။

(ဆ)　တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ/မရှိ ဖြစ်ပါတယ်။

(ဇ)　ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခုတို့၏ လုပ်ပိုင်ခွင့်တွေ၊ အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုနှင့် တစ်ခုတို့၏ လုပ်ပိုင်ခွင့်တွေ ရောထွေးခြင်း ရှိ/မရှိ ဖြစ်ပါတယ်။

(ဈ)　အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရ ရေးဆွဲရတဲ့ ဥပဒေကြမ်းဖြစ်လျှင် အဲဒီစာချုပ်

တွေ၊ သဘောတူစာချုပ်တွေပါ မြန်မာနိုင်ငံကသဘောတူ လက်ခံထားတဲ့ အချက် တွေနှင့် လိုက်လျောညီထွေခြင်း ရှိ မရှိနှင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ/မရှိ ဒါကိုလည်း အလေးထားပြီးတော့ စိစစ်ရပါတယ်။

(ည) သက်ဆိုင်ရာဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ/မရှိ ဖြစ်ပါတယ်။

(ဋ) ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေ ရှိ/မရှိ ဖြစ်ပါတယ်။

(ဌ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာ ပါရှိခြင်း ရှိ/မရှိတို့ကို စိစစ်ရပါတယ်။

**ဥပဒေကြမ်းကော်မတီ၏ လုပ်ပိုင်ခွင့်များ** ဖြစ်ပါတယ်။

၈။ ကော်မတီသည် အမျိုးသားလွှတ်တော်သို့ ရောက်ရှိလာသော ဥပဒေကြမ်းအသီးသီးအား ဖတ်ရှုလေ့လာ၍ စိစစ်ပြီးနောက် အောက်ပါလုပ်ပိုင်ခွင့်များအား သုံးစွဲ၍ ဥပဒေကြမ်းများကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည် -

(က) နိုင်ငံတော်နှင့်ပြည်သူတို့အားအကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို လွှတ်တော်ကို တင်ပြခွင့်ရှိပါတယ်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်ပြီးတော့ လွှတ်တော်သို့ တင်ပြခွင့် ရှိပါတယ်။

(ဂ) ပြင်ဆင်ရန် အကြံပြုချက်များကို လွှတ်တော်ကို တင်ပြခွင့် ရှိပါတယ်။

(ဃ) ခေတ်နှင့် မလျော်ညီတဲ့ အရေးအသား၊ အသုံးအနှုန်းတွေကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်နိုင်ခွင့် ရှိပါတယ်။

(င) အသေးစိတ် ဆွေးနွေးစဉ်းစားရာမှာ လွှတ်တော်မှာ ဆွေးနွေးစဉ်းစားသည့် နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားခွင့်ရှိပါတယ်။

ဒါပေမဲ့ ကော်မတီမှာတော့ အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းနဲ့ စပ်လျဉ်းပြီးတော့ ထောက်ခံသူမလိုအပ်ပါဘူး။ ကော်မတီဝင်တွေဟာ ဥပဒေပေါ်မှာ မူတည်ပြီးတော့ တစ်ကြိမ်ထက်မကလည်း ပိုပြီးတော့ ဆွေးနွေးနိုင်ခွင့် ရှိပါတယ်။ ဒါပေမဲ့ အထက်ပါ တင်ပြချက်တွေဟာ ကော်မတီမှာ ကျွန်တော်တို့ တင်ပြတယ်၊ အကြံပြုတယ်ဆိုတဲ့ နေရာမှာ ဥပဒေကြမ်းမှာ ပါရှိတဲ့ ကိစ္စနဲ့စပ်လျဉ်းတဲ့ တင်ပြချက်၊ အကြံပြုချက်များ ဖြစ်ရမယ့်အပြင် အဲဒီဥပဒေကြမ်းရဲ့ သဘောမှာ အကျုံးဝင်တဲ့ တင်ပြချက်၊ အကြံပြုချက်များ ဖြစ်ရပါမယ်။ အခြားအချက်များကိုတော့ ဆွေးနွေးခွင့် မရှိပါဘူး။

နောက်ဆုံးအချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် ကျွန်တော်တို့ ကော်မတီအတွင်းမှာ လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နဲ့ ဆန္ဒမဲပေးခွင့်တွေ ရရှိပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ပြုစုတင်ပြခြင်းအပိုင်းကို တင်ပြပါမယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်

အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်သည့်အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးကြားနာမှုတွေ အကြိမ်ကြိမ်ပြုလုပ်ပြီးတဲ့အခါမှာ အစီရင်ခံစာတွေ ပြုစုပြီးတော့ လွှတ်တော်ကိုတင်သွင်းခဲ့ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ကာလအတွင်းမှာတော့ အစီရင်ခံစာ(၁၆)ကြိမ် တင်သွင်းခဲ့ပါတယ်။ တတိယပုံမှန် အစည်းအဝေး ကာလအတွင်းမှာတော့ အစီရင်ခံစာ(၈)ကြိမ် တင်သွင်းခဲ့ပါတယ်။ စတုတ္ထပုံမှန်အစည်းအဝေး ကာလအတွင်းမှာတော့ အစီရင်ခံစာ(၁၉)ကြိမ် တင်သွင်းခဲ့ပါတယ်။ ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်းမှာတော့ အစီရင်ခံစာ(၂)ကြိမ်တင်သွင်းခဲ့ပါတယ်။ ဆဋ္ဌမပုံမှန် အစည်းအဝေးကာလအတွင်းမှာတော့ အစီရင်ခံစာ (၁၀)ကြိမ် တင်သွင်းခဲ့ပါတယ်။ သတ္တမပုံမှန်အစည်းအဝေး ကာလအတွင်းမှာတော့ အစီရင်ခံစာ (၂၂)ကြိမ် တင်သွင်းခဲ့ပါတယ်။ အဋ္ဌမပုံမှန် အစည်းအဝေး ကာလအတွင်းမှာတော့ အစီရင်ခံစာ(၁၃)ကြိမ် တင်သွင်းခဲ့ပါတယ်။ နဝမ ပုံမှန်အစည်းအဝေး ကာလအတွင်းမှာတော့ အစီရင်ခံစာ(၂၃)ကြိမ် တင်သွင်းခဲ့ပြီးတော့ ဒသမပုံမှန် အစည်းအဝေး ကာလအတွင်းမှာတော့ အစီရင်ခံစာ(၂၉)ကြိမ် တင်သွင်းခဲ့ပါတယ်။ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအတွင်းမှာ အစီရင်ခံစာ (၂၇)ကြိမ်တင်သွင်းခဲ့ပါတယ်။ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအတွင်းမှာတော့ အစီရင်ခံစာ(၅၅)ကြိမ် တင်သွင်းခဲ့ပါတယ်။ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအတွင်းမှာတော့ ကျွန်တော်တို့ အခုထက်ထိ အကြိမ်ပေါင်း (၄၁)ကြိမ် အစီရင်ခံစာ တင်သွင်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စုစုပေါင်း ပထမအကြိမ်ကနေပြီးတော့ (၁၃)ကြိမ်မြောက်အထိဆိုရင် ကျွန်တော်တို့ အစီရင်ခံစာ ဖတ်ကြားတင်သွင်းမှုမှာ အကြိမ်ပေါင်း (၂၆၅) ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

နောက်အချို့သော ဥပဒေကြမ်းများမှာ ပြည်သူလူထုနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက စိတ်ပါဝင်စားတဲ့ ဥပဒေတွေပဲဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်(၇)ဦး အထက် ဆွေးနွေးခဲ့တဲ့ ဥပဒေကြမ်းတွေကိုတင်ပြပါမယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကြမ်းအပေါ်မှာ အကြံပြုဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးထိ ရှိခဲ့ပါတယ်။ လယ်ယာမြေ ဥပဒေကြမ်းအပေါ်မှာ အကြံပြုဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ် (၈)ဦးရှိခဲ့ပါတယ်။ တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို အကြံပြုဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦး ရှိခဲ့ပါတယ်။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အကြံပြုဆွေးနွေးတဲ့ လွှတ်တော် ကိုယ်စားလှယ်(၈)ဦး ရှိခဲ့ပါတယ်။ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အကြံပြုဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်(၉)ဦး ရှိခဲ့ပါတယ်။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အကြံပြုဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးထိ ရှိခဲ့ပါတယ်။ အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အကြံပြုဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်(၈)ဦး ရှိခဲ့ပါတယ်။ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အကြံပြုဆွေးနွေးတဲ့ လွှတ်တော် ကိုယ်စားလှယ်(၉)ဦး ရှိခဲ့ပါ တယ်။

**ပြန်လည်ရုပ်သိမ်းခြင်းဆောင်ရွက်ခဲ့သော ဥပဒေများ**

နောက်တစ်ပိုင်းကတော့ ပြန်လည်ရုပ်သိမ်းခြင်းဆောင်ရွက်ခဲ့သော ဥပဒေများ ဖြစ်ပါတယ်။ ထူးခြားပါတယ်။ ကျွန်တော်တို့ တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိခြင်း၊ နိုင်ငံတော်ရဲ့ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှုမရှိခြင်း၊ အစိုးရအဖွဲ့အစည်းများအတွင်း လုပ်ပိုင်ခွင့်များ ရောထွေးနိုင်ခြင်း၊

ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် ခက်ခဲခြင်းစတဲ့ အခြေအနေတွေကြောင့်မို့လို့ ဥပဒေကြမ်း(၂)ခုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ရုပ်သိမ်းခွင့်ပြုခဲ့တဲ့ ဥပဒေကြမ်းတွေကတော့ နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်းနဲ့ တင်းတောင်းပမာဏ စံသတ်မှတ်ရေး အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း(၂)ရပ်ပဲဖြစ်ပါတယ်။

**အချိန်ယူဆောင်ရွက်ခဲ့ရသည့် ဥပဒေကြမ်းများ**

အချိန်ယူဆောင်ရွက်ခဲ့ရတဲ့ ဥပဒေကြမ်းများကို ဆက်လက်တင်ပြပါမယ်။ ဥပဒေကြမ်းတွေရဲ့ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်များပြည့်စုံရန် လိုအပ်သဖြင့် အကြိမ်များစွာ ဆွေးနွေးကြားနာရခြင်း၊ လွှတ်တော်အတွင်း၌လည်း လွှတ်တော်ကိုယ်စားလှယ်အများစုမှ တက်ကြွစွာ အကြံပြုဆွေးနွေးကြခြင်း၊ မတူညီသော အမြင်များအား ရှုထောင့်အမျိုးမျိုးဖြင့် သုံးသပ်ဆွေးနွေးကြခြင်းကြောင့် အချိန်ယူဆောင်ရွက်ခဲ့ရတဲ့ ဥပဒေတွေရှိပါတယ်။

ဒီဥပဒေတွေကတော့ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ကျွန်တော်တို့ ၆-၇-၂၀၁၂ ရက်နေ့ကနေပြီးတော့ ၂၅-၂-၂၀၁၅ ရက်နေ့မှအထိ စုစုပေါင်း (၂)နှစ်၊ (၇)လနှင့် (၁၉)ရက်ကြာ ကျွန်တော်တို့ လွှတ်တော်ထဲမှာ ဆွေးနွေးခဲ့ရပါတယ်။ နောက်တစ်ခုကတော့ ကာလစည်းကမ်း သတ်အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ ၆-၇-၂၀၁၂ ရက်နေ့ကနေပြီးတော့ ၂၈-၇-၂၀၁၄ ရက်နေ့အထိ (၂)နှစ်နှင့် (၂၂)ရက်ကြာ လွှတ်တော်ထဲမှာ ဆွေးနွေးခဲ့ရပါတယ်။

**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ကြားနာဆောင်ရွက်ခြင်း**

ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အထူးခြားဆုံး ဆောင်ရွက်ခဲ့မှုကတော့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ ကြားနာဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီနှင့် အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲမှုကွန်ရက် (NNER) တို့က ကိုယ်စားလှယ်တွေပါဝင်တဲ့ လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုရလဒ်များ အပေါ်အခြေခံပြီးတော့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာနက ပြုစုရေးဆွဲပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော် နာယက ကနေပြီးတော့ အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးဖို့ တာဝန်ပေးအပ်ခြင်းခံခဲ့ရပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်မှုအရ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင်ပညာရှင်များနှင့်အတူ ဤဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမဆောင်မှာ ၅-၃-၂၀၁၅ ရက်နေ့ကနေပြီးတော့ ၁၇-၃-၂၀၁၅ ရက်နေ့အထိ ကျွန်တော်တို့ မာရသွန်ကြားနာမှုကြီး လုပ်ခဲ့ရပါတယ်။ ဒီနေရာမှာ ဘယ်သူတွေပါဝင်လဲဆိုတဲ့အခါကျတော့ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင် ကျောင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အမျိုးသား ပညာရေး ပြုပြင်ပြောင်းလဲမှုကွန်ရက် (NNER)မှ ကိုယ်စားလှယ်များ၊ တရားဝင်မှတ်ပုံတင်ထားသော အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သီးခြားအကြံပြုချက် ရေးသားပေးပို့လာသူများနှင့် ရက်ချိန်းတွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ပါတယ်။

ဒီကြားနာမှုများမှုတွေအပေါ်မှာ ရရှိခဲ့တဲ့ အချက်အလက်များအပေါ် အခြေခံပြီးတော့ ပြည့်စုံတဲ့ သဘောထားသုံးသပ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ အမျိုးသား ပညာရေး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ ကြားနာဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ရုပ်မြင်သံကြား အစီအစဉ်များကလည်း Live ရိုက်ကူးပြီးတော့ ထုတ်လွှင့်ခဲ့ပါတယ်။ ပြည်သူအများကလည်း စိတ်ဝင်တစားစောင့်မျှော်ကြည့်ရှု နားထောင်ခဲ့ကြတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ဥပဒေကြမ်းကော်မတီရဲ့ သမိုင်းဝင် မှတ်တမ်းတစ်ရပ်ဖြစ်ခဲ့ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**နိဂုံး**

နိဂုံးချုပ်အားဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ်မှာ အခြေခံပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်သူများရဲ့ အကြံပြုချက်များကို ရယူခြင်း၊ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင်ပညာရှင်ကြီးများရဲ့ အကြံဉာဏ်ကို ရယူခြင်းတို့ဖြင့် ကြားနာဆွေးနွေးမှုများကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပါတယ်။

ဒီလို ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ပထမအကြိမ် လွှတ်တော်သက်တမ်း (၅)နှစ်တာကာလအတွင်း ကျွန်တော်တို့ ကော်မတီ အစည်းအဝေးပေါင်း(၃၉၈)ကြိမ် ကျင်းပခဲ့ပါတယ်။ လွှတ်တော်ကို အစီရင်ခံစာ တင်သွင်းမှု(၂၆၅)ကြိမ် တင်ပြနိုင်ခဲ့ပါတယ်။ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ ဥပဒေကြမ်း(၂၁၃)ခုကို လွှတ်တော်က အတည်ပြု ဆောင်ရွက်သည်အထိ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ လုံ့လဝီရိယစိုက်ထုတ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း လွှတ်တော်ကြီးကို လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၅)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၁း၁၂ နာရီအချိန်တွင် ရပ်နားပါသည်။]